မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၉၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးခေါ်ယူ

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်က ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်

ကြေညာချက်အမှတ် (၁/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် (၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်) တနင်္လာနေ့တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးခေါ်ယူ

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်က ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်

ကြေညာချက်အမှတ် (၁/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပထမအကြိမ် ပြည်သူ့လွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် (၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်) တနင်္လာနေ့တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးခေါ်ယူ

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်က ကြေညာချက်အမှတ် (၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်

ကြေညာချက်အမှတ် (၁/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပထမအကြိမ် အမျိုးသားလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် (၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်) တနင်္လာနေ့တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ဧက(၁၀၀) စိုက်ခင်းအတွင်း မိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးသော စိုက်ခင်း၌ ကောက်စိုက်လုံမများ တပျော်တပါး ကောက်စိုက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့် အထူးအထွက်ကောင်းမျိုးများ တောင်သူလယ်သမားများလက်ဝယ်သို့ အရောက်ဖြန့်ဖြူးပေး

နေပြည်တော် ဇူလိုင် ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ဧက(၁၀၀) စိုက်ခင်းအတွင်း မိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးသောစိုက်ခင်းသို့ ရောက်ရှိပြီး ကောက်စိုက်လုံမများ၏ တပျော်တပါး ကောက်စိုက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

စိုက်ကွင်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သိပ္ပံနည်းကျ ကောက်ကွက်ပြည့်မီရေးအတွက် စနစ်တကျ စိုက်ပျိုးဆောင်ရွက်နေမှုနှင့် စလယ်ဆုံး သိပ္ပံနည်းကျစိုက်ပျိုးခြင်းအားဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်စေမည့် အခြေအနေများကို *စာမျက်နှာ ၃ ကော်လံ ၁* ❐

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဩဂုတ် ၁ ရက်)

လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖြစ်ထွန်းရေး ဆရာ၊ မိဘ ပူးပေါင်းလက်တွဲဆောင်ရွက်

ယနေ့အချိန်အခါသည် ပညာခေတ်ကိုရောက်ရှိလာပြီး ပညာခေတ်၌ ပညာသည်သာ အဓိက၊ ပညာသည်သာ ခွန်အား၊ ပညာသည်သာ စီးပွားဖြစ်သည်။ နိုင်ငံ့စွမ်းအားသည် ပညာပေါ်မှာသာ အခြေပြုသည့်ခေတ်ကို ရောက်ရှိနေပြီဖြစ်ရာ နိုင်ငံတော်အစိုးရက နိုင်ငံ့စွမ်းအားမြင့်မားစေရေးအတွက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များရရှိလာရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ယခုအခါ မူလတန်းအဆင့်ပညာရေး မသင်မနေရစနစ် ပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး ယခုနှစ်မှစ၍ ကျောင်းသုံးဖတ်စာအုပ်များကို မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများသို့ အခမဲ့ထုတ်ဝေပေးခဲ့သည်။ လာမည့်နှစ်များတွင် လေ့ကျင့်ခန်းစာအုပ်၊ ခဲတံ၊ ဘောလ်ပင်၊ လွယ်အိတ်၊ အာဟာရကျွေးမွေးခြင်းစသည့် မသင်မနေရမူလတန်းအဆင့်လုပ်ငန်းများကို ပိုမိုပြည့်ဆည်းအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နောင်လာမည့် ပညာသင်နှစ်များတွင် ပညာသင်ဆုများချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများပေးအပ်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံအတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွန်းလာရေးအတွက် အခြေခံပညာအဆင့်တွင် ကျောင်းတက်နှုန်းမြင့်မားလာစေရေးမှ စတင်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကျောင်းနေအရွယ် ကလေးငယ်တိုင်း ကျောင်းနေကြရန် အထူးလိုအပ်ပေသည်။

ယခုအခါ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးမြင့်မားလာရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းပေးလျက်ရှိရာတွင် အရေးကြီးဆုံးလိုအပ်ချက်မှာ ဆရာများ၏ အရည်အသွေးမြင့်မားလာရန်ဖြစ်သည်။ နိုင်ငံတကာပညာရေးအဆင့်၊ အာဆီယံပညာရေးအဆင့်မီရန်နှင့် ကျောင်းသား ကျောင်းသူများကို ကိုယ်တိုင်စဉ်းစားတွေးခေါ်နိုင်သည့်အဆင့် တိုးတက်ပြောင်းလဲလာရန် လမ်းညွှန်၍ သင်ကြားသွားရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ အရည်အသွေးတိုးမြင့်စေရေးအတွက် စာကြည့်တိုက်နှင့် အင်တာနက်အသုံးပြုခြင်း၊ စာသင်ခန်းတွင် ဆရာနှင့် အပြန်အလှန်ဆွေးနွေးခြင်း၊ ကျောင်းသား ကျောင်းသူများအချင်းချင်း ဆွေးနွေးခြင်းစသည့် နည်းလမ်းများဖြင့် ကိုယ်တိုင်လေ့လာသင်ယူမှု ဖွံ့ဖြိုးလာစေရန် ပြောင်းလဲဆောင်ရွက်ပေးသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် အထိရောက်ဆုံးနှင့် အကောင်းဆုံးဖြစ်စေရန် အာကာဘက်မှ ကြိုးစားဆောင်ရွက်လျက်ရှိရာ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖြစ်ထွန်းလာစေရေးအတွက် ဆရာ၊ မိဘ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အသေးစား ချေးငွေလုပ်ငန်း သမဝါယမ ရွှေပြည်သာ၌ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် တက်လမ်း အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ၂၀၁၀-၂၀၁၁ ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီက လှော်ကားရွှေပြည်အေးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးဟန်စိန်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးတင်က သမဝါယမပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်များ၊ အသင်းသားများ၏ တာဝန်နှင့် ခံစားရမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ အသင်းဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးစာရင်း၊ အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြသည်။ ယင်းနောက် အသင်းအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အေးမိစံက ရှေ့လုပ်ငန်းစဉ်များဖြစ်သော အသင်းသားများဆေးကုသစရိတ်၊ မီးဖွားစရိတ်များ ထောက်ပံ့ရေး၊ ရပ်ကွက်/ကျေးရွာအကျိုးပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အသင်းသားများ၏ သားသမီးများအား ပညာသင်စရိတ် ငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်သမဝါယမ)

ငါးမွေးကန်အတွင်း ငါးမျိုးစိုက်ထည့်

စစ်တွေ ဇူလိုင် ၃၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကို စစ်တွေမြို့နယ်၌ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်သိန်း ဦးဆောင်၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ၊ ပြည်နယ် ဆည်မြောင်းဦးစီးဌာနမှူး၊ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများပါဝင်သောအဖွဲ့သည် ဇူလိုင် ၁၇ရက် မွန်းလွဲ ၂ နာရီက စစ်တွေမြို့နယ် သင်ပုန်းတန်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပြီး ဦးမောင်သိန်းဖြူပိုင် ပေါင်းစည်းလယ်ယာအတွင်းရှိ ငါးမွေးမြူရေးကန်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၅၀၀ ခန့်ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (ခရိုင်ငါးလုပ်ငန်းဦးစီး)

ဆောင်ရွက်ပေး

ဇူလိုင် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချင်းကုန်း ကျေးရွာအုပ်စု၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝဏ္ဏနှင့် ဝန်ထမ်းများက နိုင်ငံသား အရည်အချင်းပြည့်မီသော ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်ငူမြို့နယ် အမှတ်(၄) လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဇူလိုင် ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေး ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)



မြေယာရှင်းအလှ ဆောင်ရွက်

ဝါးခယ်မ ဇူလိုင် ၃၁

ဝါးခယ်မမြို့ မင်းပိုင်းရပ်ကွက် စာတိုက်လမ်းတွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်မင်းသန်းနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြေယာရှင်းအလှ ဆောင်ရွက်နေမှုကို ဇူလိုင် ၂၈ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

လိပ်သို၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

လိပ်သို ဇူလိုင် ၃၁

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲက လိပ်သိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ကြီးမှူး၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ သစ်တောဦးစီးအရာရှိ ဦးပေါ်မောင်၊ လိပ်သိုရဲစခန်းမှူး ရဲအုပ်ရဲဝင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၅၀၀၊ ပျဉ်းကတိုးပင် ၅၀၀နှင့် ယူကလစ်ပင် ၅၀၀ စုစုပေါင်း သစ်ပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

❒ **ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပျိုးပင်များကို ချက်ချင်းနုတ်၊ ချက်ချင်းစိုက်ခြင်းအားဖြင့် အပင်များစဉ်ဆက်မပြတ် စိမ်းလန်းရှင်သန်ကြီးထွားဖြစ်ထွန်း အောင်မြင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင် စိုက်ပျိုးခြင်းအားဖြင့် နို့ဆီဘူးတစ်ဘူးလျှင် မျိုးစေ့ ၇၀၀၀ ခန့်မျှပါရှိသည့်အတွက် တစ်ဧက မျိုးစေ့လိုအပ်ချက် နို့ဆီဘူး ၂၀ သာ ကုန်ကျမှု ရှိမည်ဖြစ်ကြောင်း၊ မျိုးစေ့ဖိုးကုန်ကျငွေ အထူးသက်သာရုံမျှမက အပင်များ လွတ်လပ်စွာတစ်ပင်ချင်း ရှင်သန်ကြီးထွား အောင်မြင်ခြင်းအားဖြင့် တစ်ဧကတင်း ၁၀၀အထက် မလွဲမသွေထွက်ရှိနိုင်မည်ဖြစ်ကြောင်း၊ စပါးသီးနှံ တစ်ဧကအထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်သည်နှင့်အမျှ လယ်ပိုင်ရှင်များ ဝင်ငွေကောင်း တွက်ခြေကိုက်မည်ဖြစ်ပြီး လယ်မဲ့ယာမဲ့ လယ်ယာလုပ်သားများ၊ ကောက်စိုက်လုံမေများ အတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ မလွဲမသွေ တိုးတက်ရရှိမည်ဖြစ်ကြောင်း၊ ကျေးလက်လယ်ယာလုပ်ငန်းခွင်တွင် အလုပ်အကိုင်အခွင့်အလမ်းများရှိနေသဖြင့် မြို့ပေါ်တက်ပြီး အလုပ်အကိုင်ရှာဖွေရသည့် ဒုက္ခမှ ကင်းလွတ်ကာ ကျေးရွာများ မလွဲကေန် ဖွံ့ဖြိုးတိုးတက်စည်ပင်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ကောက်စိုက်လုံမေများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

မှာကြား

ယင်းနောက် တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိရန် သေချာသည့် နွေစပါး သက်တမ်း ရက် ၁၀၀ရှိ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်နေသော စပါးစိုက်ခင်းကို ဒက္ခိဏသီရိမြို့နယ်မှ လာရောက်လေ့လာကြသော တောင်သူများနှင့်အတူ ကြည့်ရှုအားပေးပြီး ရိတ်သိမ်းချိန် အလေအလွင့် ဆုံးရှုံးမှုမရှိအောင် တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းကြရန် မှာကြားသည်။

စိုက်ခင်းအတွင်း ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရေကို အကျိုးရှိရှိ ထိရောက်စွာအချိုးကျအသုံးချနိုင်မှုစနစ် ဆောင်ရွက်ထားရှိမှုကို တောင်သူများအား ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး တောင်သူဦးကြီး ဦးဖေယျာထွန်းညို၏ တောင်သူပညာပေး ဧက(၄၀) စိုက်ခင်းသို့ရောက်ရှိပြီး သက်တမ်းရက် ၃၀ သာရှိသေးသည့် မိုးစပါး ပင်ပွား ၈ ပင်မှ ၁၀ ပင်ထိ ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာ တောင်သူဦးကြီး ဦးစိုးတင့်၏ တောင်သူပညာပေးဧက ၃၀ စိုက်ခင်း၌ သိပ္ပံနည်းကျစနစ်ဖြင့် ပျိုးကြဲနေသော ကောက်စိုက်လုံမေများ၏ ပျိုးကြဲနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ကြိုးစားအားထုတ်

ထို့နောက် ရန်အောင်မြင်ဘုရားအနီး တောင်သူ ဦးဝင်းမောင်၏ တောင်သူပညာပေး ၁၂ ဧကစိုက်ခင်းသို့ ရောက်ရှိပြီး ပေါင်စနစ်ဖြင့် သိပ္ပံနည်းကျ ပျိုးကြဲထားမှုကို ကြည့်ရှုအားပေးပြီး မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့် အထူးအထွက်ကောင်းမျိုးများ တောင်သူလယ်သမားများ လက်ဝယ်သို့အရောက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တောင်သူတစ်ဦးချင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြိုးစား အားထုတ်ခြင်းအားဖြင့် အကျိုးကျေးဇူးများ၊ အခွင့်အလမ်းများ ဧကန်မုချ ခံစားရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ယဉ်ကျေးလိမ္မာ ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသန ဓမ္မသဘင် ဇမ္ဗူသီရိ ဗိမာန်တော်၌ ကျင်းပရာ အသင်းနာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဒေါက်တာခင်ရွှေက သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသင်းနာယက ပြည်ထောင်စုဝန်ကြီးက သင်တန်းသားခေါင်းဆောင်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အသင်းဥက္ကဋ္ဌက သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။

ဆက်ကပ်လှူဒါန်း

သင်တန်းဆင်းပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားဆောင်၌ သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်က ကြီးမှူး၍ ဟိန္ဒူမိသားစုများ၏ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)တို့မှ ဆရာတော်၊ သံဃာတော်များအား တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းနာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဆင်းပွဲ အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်ဆည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၁

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ကျောက်ဆည်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီတွင် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောက်ဆည်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ကျောက်ဆည်မြို့နယ် တံစိုးကျေးရွာနှင့် သူငယ်တော်ကျေးရွာများ၌ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မုန့်ပေါင်းကျေးရွာနှင့် မြို့သာကျေးရွာများ၌ ဒေသခံကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျေးရွာပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇူလိုင် ၃၀ ရက်တွင် စဉ့်ကိုင်မြို့ အရုဏ်တော် ဆွမ်းလောင်းအသင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဇူလိုင် ၃၁

ယနေ့ နံနက် ၉နာရီခွဲအချိန်တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်းရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်	စံချိန်ကျိုး
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ	ကျိုးခဲ့သည့်နှစ်	သည့်နှစ်ပေါင်း
၁။	ရေး	၃၂၀	၁၂.၆၀	၃၀၂	၁၁.၈၉	၂၅-၇-၁၉၉၇	၄၈

မူကြိုကျောင်းဆောင်သစ် မိုင်းခုတ်တွင်ဖွင့်

မိုင်းဆတ် ဇူလိုင် ၃၁

မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မူကြိုကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၁၀ရက် နံနက် ၁၁နာရီက အမှတ် (၂) ရပ်ကွက် မြို့မလမ်းရှိ အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ယင်းကျောင်းဆောင်သစ်ကို မိုင်းဆတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းနှင့် မိုင်းခုတ်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ဆောက်လုပ်လှူဒါန်း

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကလေးများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ အဆိုပါမူကြိုကျောင်းဆောင်သစ်ကို မိုင်းခုတ်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စေတနာရှင်အလှူရှင်များက ငွေကျပ် ၂၁၇၀၀၀၀ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၃၀ FIFA U-20 WORLD CUP 2011 Colomiba (Croatia Vs Saudi Arabia) LIVE
၇:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၂)
၈:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၄)
၈:၅၅ အလှူမှာထူးကဲ ထီးဆောင်းရွာမှ သွေးလှူပွဲ
၉:၀၅ ဒေါပုံမြို့နယ် မင်းနန္ဒာစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အရှင် ဝိသုဒ္ဓရုံသီအားရည်မှန်းပူဇော်ပွဲ
၉:၂၀ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၉:၂၅ Activities in the city (မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအသင်းကြီး၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ)
၁၀:၁၀ ခုနစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၂)
၁၂:၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ သိင်္ဂါရဆောင်းသစ္စာ
၁:၀၀ **သွားရာလမ်းကြောင်း သိအောင်လုပ်ပါ** တရားတော် ဘဒ္ဒန္တခေမာစာရ (အောင်ခေမာဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၄)
၃:၀၀ ခုနစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
၆:၀၀ MRTV-4 သတင်း
၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၃)
၇:၀၀ MRTV-4 7th Anniversary Live Show Day 1 (Part-1)
၈:၀၀ MRTV-4 သတင်း
၈:၃၀ သန့်ရှင်းကျန်းမာတစ်ရှူး
၈:၄၅ **စကားနပန်း**
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၅)
၁၀:၂၀ FIFA U-20 WORLD CUP 2011 Colombia (Costa Riea Vs Spain) DELAY
၁၂:၀၅ စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော...
၁၂:၂၀ ၄ ကမ်းများစောင့်ကြည့်လေ့လာခြင်း (လော်ကားဉယျာဉ်)
၁၂:၃၀ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ အလွဲများ)
၁၂:၅၅ နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၁:၀၀ ဖြစ်ထွန်းအောင်မြင်... စိုက်ပျိုးဥယျာဉ် (စပျစ်)
၁:၃၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသား ရိုးရာဖက်ရှင်)
၂:၀၀ FIFA U-20 WORLD CUP 2011 Colombia (Australia Vs Ecuador) DELAY
၃:၄၅ အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
၄:၀၀ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
၄:၁၀ ပရအကျိုး တို့သယ်ပိုးစို့
၄:၂၀ ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)
၄:၃၀ FIFA U-20 WORLD CUP 2011 Colomiba (Egypt Vs Panama) LIVE

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာသတင်းများ

ဂိုင်ယာနာ၌ ခရီးသည်တင်လေယာဉ် ပြေးလမ်းချော် ထိုးဆင်းပြီး နှစ်ပိုင်းကျိုးသော်လည်း သေဆုံးသူမရှိ

ဂျော့တောင်း ဇူလိုင် ၃၁

နယူးယောက်မြို့မှ ဂိုင်ယာနာနိုင်ငံသို့ ဦးတည်ပျံသန်းလာသော ခရီးသည်တင် လေယာဉ်တစ်စင်းသည် ဇူလိုင် ၃၀ ရက်က ဂိုင်ယာနာမြို့တော် ဂျော့တောင်းမြို့ နိုင်ငံတကာလေဆိပ်သို့ ဆင်းသက်စဉ် ပြေးလမ်းချော်ပြီး လေယာဉ်ကိုယ်ထည်နှစ်ပိုင်းကျိုးခဲ့ရာ ဒဏ်ရာရသူများရှိသော်လည်း သေဆုံးသူမရှိကြောင်း ဂိုင်ယာနာလေဆိပ် တာဝန်ရှိသူများက ဇူလိုင် ၃၁ ရက်၌ ပြောကြားသည်။ အဆိုပါ လေယာဉ်သည် ကာရစ်ဘီယံလေကြောင်းလိုင်းမှ လေယာဉ်ဖြစ်ပြီး ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်အမျိုးအစားဖြစ်သည်။ ၎င်းလေယာဉ်သည် ခရီးသည် ၁၆၃ ဦးဖြင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ဂိုင်ယာနာနိုင်ငံသို့ ဦးတည်ပျံသန်းလာသော လေယာဉ်ဖြစ်သည်။ ယင်းလေယာဉ်မှာ ဂိုင်ယာနာချိတ်ဒီဂျာဂန် နိုင်ငံတကာလေဆိပ်သို့ ဆင်းသက်စဉ် ရာသီဥတုဆိုးရွားသဖြင့် ပြေးလမ်းချော်သွားခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

ပြောကြား

"ဒီနေ့ကတော့ လုံးဝကံဆိုးမိုးမှောင်ကျတဲ့နေ့တစ်နေ့ပါပဲ "ဟု ကာရစ်ဘီယံလေကြောင်းလိုင်းဥက္ကဋ္ဌ ဂျော့နီကိုလတ်စ်က ပြောကြားသည်။ "အရှည်ပေ ၂၀၀ နီးပါးရှိတဲ့ ဒီလေယာဉ်ဟာ နှစ်ပိုင်းကျိုးသွားတာကြောင့် လူဒါဇင်နဲ့ချီပြီး သေလိမ့်မယ်လို့ ထင်ထားခဲ့တာပါ။ ဒါပေမယ့် ဒဏ်ရာရသူနည်းပါတယ်၊ အသေအပျောက်မရှိပါဘူး" ဟု ဂိုင်ယာနာသမ္မတ ဘာရက်ဂျက်ဒီယိုက ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဆီးရီးယားအနောက်ပိုင်း၌ ရေနံပိုက်လိုင်း ဖောက်ခွဲခံရ

ဒမတ်စကတ် ဇူလိုင် ၃၁

လက်ဘနွန်နယ်စပ်အနီး ဆီးရီးယားအနောက်ပိုင်းရှိ တာကာလက်မြို့ ရေနံပိုက်လိုင်းတစ်နေရာကို အဖျက်သမားများက ဇူလိုင် ၂၉ ရက် နံနက်ပိုင်း၌ ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အချင်း ၁၀ မီတာရှိသော အပေါက်တစ်ပေါက် ပေါက်သွားကြောင်း အစိုးရ ရုပ်မြင်သံကြားဌာနက ဇူလိုင် ၃၁ ရက်က ကြေညာသည်။ **(ယာပုံ)**

တာကာလက်မြို့ တာဟို့စ်ဆည်အနီးရှိ ရေနံပိုက်လိုင်းကို ဗုံးခွဲဖျက်ဆီးခြင်းမှာ ဆည်အတွင်းရှိရေများကို ရေနံဖြင့် ညစ်ညမ်းစေပြီး အနီးအနားရှိ စိုက်ပျိုးသီးနှံများပျက်စီးသွားအောင် အဖျက်သမားများက ရည်ရွယ်ခဲ့ခြင်း ဖြစ်ဟန်တူကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လက်ဘနွန်နယ်စပ်အနီးရှိ တာကာလက်မြို့ကလေးတွင် အစိုးရဆန့်ကျင်သူများ၏ အကြမ်းဖက်မှုများကြောင့် ဒေသခံများ အိမ်နီးချင်းလက်ဘနွန်သို့ အများအပြားထွက်ပြေးလျက်ရှိသည်။ **(အင်တာနက်)**

ပင်လယ်ရေပြင် မြင့်တက်မှုနှင့် အိုးအိမ်မဲ့မြို့ကြီးများ

တိုး ရေးသားသည်

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ရေခဲထုကြီးများ အရည်ပျော်လာလျက်ရှိရာ ပြီးခဲ့သည့် ရာစုနှစ်အတွင်းတွင် ဂရင်းလန်းကျွန်းနှင့် အန္တာတိက နှစ်နေရာရှိ ကမ္ဘာ့တောင်ပေါ် ရေခဲမြစ်များနှင့် ရေခဲပြင်အများစုမှာ အရည်ပျော်လျက်ရှိသည့်အပြင် အာဖရိကတိုက်ရှိ ကီလီမန်ဂျာရိုတောင်ပေါ်မှရေခဲမြစ် အရည်ပျော်မှုမှာ ၈၀ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ဤနှုန်းအတိုင်းသာဆိုလျှင် လာမည့်ဆယ်စုနှစ်အတွင်း ရေခဲမြစ်များ ပျောက်ကွယ်ပြီး ကမ္ဘာ့ဆိပ်ကမ်းမြို့ကြီးများ ရေလွှမ်းခံရမည့် အလားအလာရှိနေကြောင်း အမေရိကန်သုတေသနပညာရှင်များက ဇူလိုင် ၃၀ ရက်၌ ထုတ်ဖော်ပြောကြားသည်။ (အောက်ပုံ)

ဟိမဝန္တာနှင့် အင်ဒီးစ်တောင်တန်းဒေသမှ ရေခဲမြစ်များလည်း အရည်ပျော်နိုင်သည့်အပြင် ဂရင်းလန်းရေခဲပြင်ကြီးသည်လည်း မကြာသေးမီ နှစ်များအတွင်းမှစတင်ကာ နှစ်စဉ် ကုဗကီလိုမီတာ ၈၂ နှင့် ၂၂၄ အကြား ရေခဲများ အရည်ပျော်လျက်ရှိကြောင်း တွေ့ရသည်ဟု ၎င်းတို့က ထပ်လောင်းပြောကြားလိုက်သည် ဆို၏။

အန္တာတိက အနောက်ပိုင်းဒေသတွင် နှစ်စဉ် ကုဗကီလိုမီတာ ၄၇ နှင့် ၁၄၈ အကြား၊ အန္တာတိက အရှေ့ပိုင်းဒေသ၌ နှစ်စဉ် အနောက်ပိုင်းထက်ပိုမို၍ ရေခဲများအရည်ပျော်သဖြင့် အန္တာတိကဒေသတစ်ခုလုံး၏ အခြေအနေမှာလည်း ဆိုးရွားလျက်ရှိသည်။

ရေခဲမြစ်များနှင့် ရေခဲပြင်ကြီးများ အရည်ပျော်သည့်အခါ ရေများသမုဒ္ဒရာအတွင်း ပိုမိုစီးဝင်ပြီးနောက် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာလျက်ရှိသည်။

ထို့ကြောင့် ကမ္ဘာပေါ်ရှိ ပင်လယ်ကမ်းခြေမြို့ကြီးအများစုမှာ ၂၀ ရာစုနှစ်အတွင်း ပင်လယ်ရေမျက်နှာပြင် နှစ်စဉ်ပျမ်းမျှ ၁၅ စင်တီမီတာမှ ၂၀စင်တီမီတာ မြင့်တက်ခဲ့သည်။ ဂြိုဟ်တုမှ တိုင်းထွာချက်များအရ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်းတွင် နှစ်စဉ် ၃၁ စင်တီမီတာအထိ မြင့်တက်ခဲ့သည်။

ထိုရာသီဥတုပြောင်းလဲမှုမှသည် ရေခဲမြစ်များနှင့် ကမ္ဘာ့ရေခဲပြင်ကြီးများ အရည်ပျော်ကာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မည့်အရေးကြောင့် ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းမြို့ကြီးများနှင့်တကွ ပင်လယ်တွင်းရှိ ကျွန်းစုနိုင်ငံအချို့မှာ ရေလွှမ်းခံရမည့်အရေးနှင့် ယခုအခါ ရတက်မအေးစရာဖြစ်ရလျက်ရှိပါကြောင်း ....။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မောင်မောင်မြင့်ဆွေ-ရေးသားသည်

ဖိလစ်ပိုင်၌ ခရီးသည်တင် သင်္ဘောနစ်မြုပ်၊ အားလုံးအသက်ဘေးမှလွတ်

မနီလာ ဇူလိုင် ၃၁

*ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း အီလိုအီလိုပြည်နယ် ကမ်းလွန်တွင် ဇူလိုင် ၃၁ ရက် နံနက်က ခရီးသည်တင်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ ခရီးသည်နှင့် သင်္ဘောအမှုထမ်းအားလုံးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြသည်။ **(ဝဲပုံ)***

ကင်းဝေး

အဆိုပါသင်္ဘောသည် အမ်ဗွီအာရှမလေးရှားအမည်ရှိသင်္ဘောဖြစ်ပြီး ခရီးသည် ၁၀၇ ဦးနှင့် အမှုထမ်း ၃၅ ဦး တင်ဆောင်ကာ ဖိလစ်ပိုင်နိုင်ငံ ဆီဘူးမြို့မှ အီလိုအီလိုမြို့သို့ ခုတ်မောင်းလာစဉ် လေပြင်းများတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော ရေလှိုင်းကြီးများ ရိုက်ခတ်ခံရပြီး နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ သင်္ဘောမနစ်မြုပ်မီ ၎င်းသင်္ဘောကပ္ပတိန်မှ အကူအညီတောင်းသဖြင့် ရောက်ရှိလာသည့် ကယ်ဆယ်ရေးသင်္ဘောနှင့်ရေယာဉ်များပေါ်သို့ ခရီးသည်များအပါအဝင် သင်္ဘောအမှုထမ်းများအား ပြောင်းရွှေ့ပေးနိုင်ခဲ့သဖြင့် အသက်ဘေးမှ ကင်းဝေးခဲ့ရခြင်း ဖြစ်သည်။

နစ်မြုပ်

*၎င်းသင်္ဘောသည် ထရန်စ်-အာရှသင်္ဘောလိုင်းမှ သင်္ဘောတစ်စင်းဖြစ်ပြီး ဆီဘူးမြို့ဆိပ်ကမ်းမှ ဇူလိုင် ၃၀ ရက် ညနေ ၆ နာရီက စတင်ထွက်ခွာလာရာ အီလိုအီလိုပြည်နယ်ကမ်းလွန်၌ ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)***

အင်ဒိုနီးရှား၌ မြေပြိုမှုဖြစ်ပွား၊ ကလေးငယ်လေးဦးသေဆုံး

ဂျကာတာ ဇူလိုင် ၃၁

အင်ဒိုနီးရှားနိုင်ငံ တောင်ဆူမားတြားပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ဇူလိုင် ၃၀ ရက်က မြေပြိုမှုဖြစ်ပွားရာ ကလေးငယ်လေးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း အင်ဒိုနီးရှားအရာရှိတစ်ဦးက ဇူလိုင် ၃၁ ရက်၌ ပြောကြားသည်။

ပြောကြား

ယင်းကလေးငယ်များမှာ ကျေးရွာအနီးလမ်းတစ်လမ်း၏ ဆင်ခြေလျှော၌ ဆော့ကစားနေကြစဉ် ရုတ်တရက်မြေပြိုမှုဖြစ်ပွားခဲ့ရာမှ သေဆုံးခဲ့ကြခြင်းဖြစ်သည်ဟု သဘာဝဘေးကယ်ဆယ်ရေးဆိုင်ရာ အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပူရာဝိုနူဂရိုဟိုက ပြောကြားသည်။

သေဆုံးသည့်ကလေးငယ်များမှာ ခုနစ်နှစ်အရွယ် တစ်ဦးနှင့် ၁၀ နှစ်အရွယ် သုံးဦးတို့ဖြစ်ကြသည်။ မြေပြိုခြင်းမှာ ယင်းအရပ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ကလည်း တီလက်ဝန်ဒါမာခရိုင် ပါပူရာမြို့၌ မိုးသည်းထန်ပြီး မြေပြိုမှုများကြောင့် ၁၄၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ (ယာပုံ) (အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် - စုစည်းသည်

နိုင်ဂျီးရီးယားတွင် ရဟတ်ယာဉ်ပျက်ကျ

လေဂို့စ် ဇူလိုင် ၃၁

နိုင်ဂျီးရီးယားနိုင်ငံအနောက်တောင်ပိုင်း အော့ဆန်ပြည်နယ်၏တောင်ထူထပ်ရာ နယ်မြေအတွင်း ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးတစ်ဦးနှင့် လိုက်ပါလာခဲ့သူအမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။ ဇူလိုင် ၃၀ ရက်က လေဂို့စ်မှ အီလောရင်သို့ ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများအား ရွာသားများ အကူအညီဖြင့် ခြောက်နာရီကြာ ရှာဖွေခဲ့ရကြောင်း သိရသည်။ (အင်တာနက်)

အိန္ဒိယတွင် တောင်ပေါ်လမ်းမှ ဘတ်စ်ကားထိုးကျ

ဆရီနဂါ ဇူလိုင် ၃၁

အိန္ဒိယနိုင်ငံ အုပ်ချုပ်ခံကက်ရှ်မီးယားဒေသ၏ မြို့တော် ဆရီနဂါမှ တောင်ဘက်မိုင် ၅၀ခန့်အကွာရှိ တောင်တက်လမ်းတစ်လမ်းပေါ်တွင် လူအပြည့်တင်ကာမောင်းနှင်လာသည့် ဘတ်စ်ကားတစ်စီး လျှိုအတွင်းထိုးကျခဲ့သဖြင့် ၁၀ဦး သေဆုံးခဲ့ပြီး ကျန်ခရီးသည် ၅၀မှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယင်းမတော်တဆမှုမှာ ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တောင်ပေါ်လမ်း တောင်အဆင်း ကွေ့တစ်ကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ ၃၂၅ ပေမြင့်သော ချောက်ထဲသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မော်စကိုမြစ်အတွင်း ရွက်သင်္ဘောနစ်မြုပ်

မော်စကို ဇူလိုင် ၃၁

ရုရှားနိုင်ငံ မော်စကိုမြစ်အတွင်း ဇူလိုင် ၃၁ ရက် ဒေသစံတော်ချိန် ၀၀ နာရီ ၅၈ မိနစ်တွင် အပျော်စီးရွက်သင်္ဘောတစ်စင်းသည် အခြားကုန်တင်သင်္ဘောတစ်စင်းကို ဝင်တိုက်မိရာမှ နစ်မြုပ်ခဲ့သည်။ ယင်းမတော်တဆမှုတွင် ငါးဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ခုနစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ (အင်တာနက်)

အာဖဂန်နစ္စတန်တွင် အသေခံကားဗုံးပေါက်ကွဲ

လာရှကာဂျာ ဇူလိုင် ၃၁

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်ပြည်နယ်၏ မြို့တော်လာရှကာဂျာမြို့အတွင်းရှိ ရဲစခန်းတစ်ခုအနီး ဇူလိုင် ၃၁ ရက် ဒေသစံတော်ချိန် ၈ နာရီ ၃၀မိနစ်ခန့်က အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ရသဖြင့် သေဆုံးသူ ၁၁ဦးရှိကြောင်း၊ ၎င်းတို့မှာ ရဲဝန်ထမ်း ၁၀ ဦးနှင့် ကလေးငယ်တစ်ဦးတို့ ဖြစ်ကြောင်း ပြည်နယ်အစိုးရဌာနမှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

ကျန်းမာဖွံ့ ဖြိုးဉာဏ်ရည်တိုးဖို့ နို့အစစ်အမှန်သောက်သုံးစို့

မောင်အောင် (မွေးကု)

နွားနို့သည် အာဟာရဓာတ်များ ကြွယ်ဝသည်။ လူသားများအတွက် မရှိမဖြစ်အရေးကြီးသည်။ နွားနို့တွင် ရေ၊ အဆီ၊ သကြား၊ အသားဓာတ်(ပရိုတိန်း)၊ ပြာ၊ သတ္တုဓာတ်နှင့်ဗီတာမင်ဓာတ်များပါဝင်သည်။ အဆီသည် နို့ရည်တွင် သေးငယ်သည့် အလုံးကလေးများအဖြစ် ပါဝင်သည်။ အဆီတွင် ဗီတာမင် A နှင့် D တို့ ပျော်ဝင်သည်။ အဆီပါဝင်မှုနှုန်းသည် တိရစ္ဆာန်မျိုးရိုး၊ ကျွေးမွေးသည့်အစာနှင့် နို့ရည်ထွက်ရှိမှုတို့၏အပေါ်တွင် မူတည်သည်။ ကျွဲနို့တွင် နွားနို့ထက် အဆီဓာတ်ပိုမိုပါဝင်ပြီး အဆီလုံးကြီးသဖြင့် အစာကြေညက်ခဲသည်။ ဆိတ်နို့တွင် အဆီလုံးသေးသဖြင့် ကြေညက်လွယ်သည်။

နို့ရည်တွင် ပရိုတိန်းဓာတ်သုံးမျိုး ပါဝင်သည်။ ကေဆီး(န်) (Casein)၊ လက်တိုဂလိုဗျူလင်နှင့် လက်အယ်လ်ဘူမင်တို့ဖြစ်သည်။ ကေဆီး(န်)ဓာတ်သည် နို့ရည်တွင်သာပါဝင်ပြီး ခန္ဓာကိုယ်ကြွက်သားများ တည်ဆောက်ရာတွင် အဓိကဖြစ်သည်။ နို့ထဲတွင် ကယ်လ်စီယမ်၊ ဖော့စဖရပ်၊ ဆိုဒီယမ်၊ ပိုတက်စီယမ်၊ ဇင့်၊ မဂ္ဂနီး၊ မဂ္ဂနီစီယမ်၊ အိုင်အိုဒင်း၊ အလူမီနီယမ်နှင့် ဆာလဖာဓာတ်တို့ပါဝင်သည်။ နို့ရည်တွင် ပါဝင်သော သတ္တုဓာတ်တို့မှာ သွားနှင့်အရိုးများကို သန်မာဖွံ့ဖြိုးစေသည်။ နို့ရည်တွင် သတ္တုဝါများကျန်းမာဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အဆီပျော် ဗီတာမင်များဖြစ်သည့် ဗီတာမင် A,D,E,K နှင့်ရေပျော်ဗီတာမင်များဖြစ်သည့် B Complex (ဗီတာမင် ဘီ-၁၊ ဘီ-၂၊ ဘီ-၆၊ နိုင်ယာစစ်၊ ဘိုင်အိုတင်၊ ဖောလစ်အက်ဆစ်)နှင့် ဗီတာမင်စီတို့ ပါဝင်သည်။

သို့ဖြစ်၍နွားနို့သည် အာဟာရဓာတ်ကြွယ်ဝသည်။ နေ့စဉ် နွားနို့ တစ်ဖန်ခွက်သောက်ရုံဖြင့် ဗီတာမင်အားဖြည့်ဆေးများ သောက်သုံးရန်မလိုဘဲ အားအင်ပြည့်ဖြိုးနိုင်သည်။ ကျန်းမာစေသည်။ ကိုယ်ခံစွမ်းအားကောင်း၍ သာမာန်ရောဂါများဖြစ်ပွားမှုမှ ကာကွယ်နိုင်သည်။

သို့သော်မြန်မာနိုင်ငံတွင် နို့သက်သက်သောက်သုံးမှု နည်းသေးသည်။ နို့ကို နို့ဆီအဖြစ်ချက်လုပ်၍ လက်ဖက်ရည်၊ ကော်ဖီအဖြစ်သာသောက်သုံးလေ့ရှိကြသည်။ နို့ထွက်ပစ္စည်းအဖြစ်လည်း မလိုင်မုန့်၊ မလိုင်ခဲ၊ ထောပတ်၊ ဒိန်ချဉ်၊ နို့ခြောက်အဖြစ်သာ ပြုလုပ်စားသုံးလေ့ရှိကြသည်။

နိုင်ငံတစ်နိုင်ငံရှိ လူမျိုးများ ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးမှုသည် နိုင်ငံကာကွယ်ရေး၊ ကုန်ထုတ်စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည်။ ပြည်သူပြည်သားများ သက်ရှည်ကျန်းမာမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံ၏ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုဖြင့်တိုင်းတာနိုင်သကဲ့သို့ နိုင်ငံသားတစ်ဦးချင်း၏ ဝင်ငွေ၊ မျှော်မှန်းနိုင်သည့် သက်တမ်း၊ တစ်မျိုးသားလုံး စာတတ်မြောက်မှု၊ ငါးနှစ်အောက်ကလေးငယ်များ သေဆုံးနှုန်းဖြင့်တိုင်းတာနိုင်သည်။

ထို့အတူ လူတစ်ဦး တစ်နှစ်စားသုံးသည့် နို့၊ အသား၊ ငါးနှင့် ဥတို့သည်လည်း နိုင်ငံရှိ ပြည်သူပြည်သားများ၏ ကျန်းမာရေးနှင့် နိုင်ငံဖွံ့ဖြိုးမှုအတွက် အညွှန်းကိန်းများအဖြစ် မှတ်ယူနိုင်သည်။ မြန်မာနိုင်ငံတွင် ၂၀၀၀-၂၀၀၁ ခုနှစ်က လူတစ်ဦး တစ်နှစ် နို့ ၉ ကီလိုဂရမ်၊ အသား ၁၄ ဒသမ ၇ ကီလိုဂရမ်၊ ငါး ၂၃ ဒသမ ၂ ကီလိုဂရမ်နှင့် ဥ ၄၆ လုံးသာ စားသုံးနိုင်ခဲ့သည်။ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် နို့ ၂၆ ဒသမ ၃ ကီလိုဂရမ်၊ အသား ၃၂ ဒသမ ၁ ကီလိုဂရမ်၊ ငါး ၆၂ ကီလိုဂရမ်နှင့် ဥ ၁၂၇ လုံးအထိ တိုးတက်စားသုံးလာနိုင်ခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံသားများ၏ မျှော်မှန်းနိုင်သည့် သက်တမ်းသည်လည်း ၁၀စုနှစ်အတွင်း တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၀-၂၀၁၁ ခုနှစ် စာရင်းအရ ကျွဲနွားကောင်ရေ ၁၆ သန်းကျော်ရှိသည့်အနက် နို့စားကျွဲနွား ငါးသိန်းခန့်ပါဝင်သည်။ ၁၉၉၉-၂၀၀၀ ခုနှစ်တွင် နို့ပိဿာချိန် ၃၉၉ ဒသမ ၃၉ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၉၈၁ဒသမ ၃၇ သန်းအထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

ပြည်သူများ၏ အသိပညာဖွံ့ဖြိုးတိုးတက်လာမှု၊ ငွေကြေးတိုးတက်သုံးစွဲလာနိုင်မှုတို့ကြောင့် နို့နှင့်နို့ထွက်ပစ္စည်းသုံးစွဲမှုသည်လည်း ပိုမိုတိုးတက်လာခဲ့ပါသည်။ ပြည်တွင်းမှ ထုတ်လုပ်သည့်နွားနို့ကို ချက်နို့ဆီအဖြစ်သာ အများဆုံးသုံးစွဲကြသည်။ မြန်မာနိုင်ငံတွင် နေ့စဉ် ချက်နို့ဆီပိဿာ ၁၃၀၀၀၀ခန့် ချက်လုပ်သုံးစွဲလျက်ရှိသည်။ ထို့အတူ ပြည်ပနိုင်ငံများမှ နို့နှင့်နို့ထွက်ပစ္စည်းများကို တင်သွင်းစားသုံးလျက်ရှိကြသည်။ နယူးဇီလန်၊ စင်ကာပူ၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် နို့မှုန့်ကိုရေလမ်းကြောင်းမှတင်သွင်းပြီး တရုတ်နိုင်ငံမှမူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် တင်သွင်းသည်။

နို့စိမ်းနှင့် နို့ဆီဘူးများကို စင်ကာပူနှင့် မလေးရှားနိုင်ငံတို့မှ ရေလမ်းကြောင်းဖြင့်တင်သွင်းပြီး ထိုင်းနိုင်ငံမှမူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းသည်။ အသင့်သောက်သုံးနိုင်သည့် UHT နို့ဘူးများ၊ ဒိန်ချဉ်၊ မလိုင်၊ ထောပတ်နှင့် ဒိန်ခဲများကို စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့က တင်သွင်းပြီး ထောပတ်ဆီပုံးများကို အိန္ဒိယနိုင်ငံမှ တင်သွင်းသည်။ ပြည်ပမှ နို့မှုန့်၊ နို့ဆီနှင့် နို့စိမ်းဘူးများကို ၂၀၀၇-၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၉၄ သန်း၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၀၃ သန်းနှင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၉၁ သန်းဖိုးအထိ တင်သွင်းခဲ့သည်။

ပြည်တွင်းမှထုတ်လုပ်သည့် နို့နှင့်နို့ထွက်ပစ္စည်းများသည် များသောအားဖြင့် နို့အစစ်အမှန်ဖြင့် ပြုလုပ်ထားခြင်းကြောင့် အာဟာရဓာတ်ပြည့်ဝစွာ ပါဝင်သည်။ ချက်နို့ဆီ၌ပင်လျှင် သကြားနှင့် နွားနို့သာ အဓိကပါဝင်သည်။ ဈေးကွက်အတွင်း ပြည်တွင်းမှ ထုတ်လုပ်လျက်ရှိသည့် အချို့နို့ဆီများနှင့် ပြည်ပမှ တင်သွင်းသော နို့ဆီများတွင် ပါဝင်သည့်ပစ္စည်းများမှာ အဓိကပုံစံ သုံးမျိုးရှိသည်။ သကြား၊ မလိုင်အပြည့်ပါသည့် နို့ သို့မဟုတ် မလိုင်ထုတ်ထားသည့် နို့နှင့် နို့အဆီဖြင့် ချက်လုပ်သည့် နို့ဆီ၊ သကြား၊ နို့ (Milk Solids)နှင့် ဟင်းရွက်ဆီ (Edible Vegetable fat)ဖြင့် ချက်လုပ်သည့် နို့ဆီနှင့် သကြား၊ ရေ၊ နို့မှုန့်၊ Whey(ဒိန်ရည်/နို့စမ်းကြည်) ပြုပြင်ထားသည့်ကော် (Modified Starch)၊ ပေါင်းစပ်ပစ္စည်း (Binder) နှင့် စားအုန်းဆီတို့ဖြင့်ချက်လုပ်ထားသည့် နို့ဆီတို့ဖြစ်သည်။

တတိယအမျိုးအစားချက်လုပ်သည့် နို့ဆီသည် မြန်မာနိုင်ငံဈေးကွက်တွင် အများဆုံးတွေ့ရသည့် နို့ဆီအမျိုးအစားဖြစ်သည်။ ၎င်းနို့ဆီသည် နွားနို့ကိုအခြေခံခြင်းမရှိဘဲ နို့ဆီအရသာနှင့် ဆင်တူအောင် ပြုလုပ်ထားသည့် ထုတ်ကုန်တစ်မျိုးသာ ဖြစ်သည်။

မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနကနို့ဆီအတွက် အရည်အသွေးစံနှုန်းသတ်မှတ်ထားသည်။ နို့ဆီတွင်နို့မှရသော အဆီဓာတ်အနည်းဆုံး ၈ ရာခိုင်နှုန်း၊ ရေအများဆုံး ၂၅ ရာခိုင်နှုန်း၊ နို့သားပါဝင်မှု အနိမ့်ဆုံး ၂၅ ရာခိုင်နှုန်း၊ အသားဓာတ် ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် သကြား ၄၂ ဒသမ ၄၅ ရာခိုင်နှုန်း ပါဝင်ရမည်ဖြစ်သည်။

ပြည်တွင်းမှထုတ်လုပ်သောနို့ဆီများနှင့် ပြည်ပမှ တင်သွင်းသော နို့ဆီများတွင် အထက်ပါ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက သတ်မှတ်ထားသည့် နို့ဆီ၏စံနှုန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ မရှိ စစ်ဆေးကြပ်မတ်သင့်သည်။ သို့မှသာ မြန်မာလူမျိုးများနှစ်ခြိုက်စွာသောက်သုံးနေသည့် ကော်ဖီနှင့် လက်ဖက်ရည်များသည် နွားနို့တွင်ပါဝင်သည့် အာဟာရဓာတ်များ ပြည့်စုံစွာရရှိနိုင်မည် ဖြစ်သည်။ သို့မဟုတ်ပါက သကြား၊ စားအုန်းဆီနှင့်ကော်ရည်ကို ဈေးကြီးကြီးပေး၍ သောက်သုံးနေရသကဲ့သို့ဖြစ်ပါမည်။

နွားနို့သည်လူတို့အတွက် သက်စောင့်အာဟာရဓာတ်များကြွယ်ဝသည်။ မရှိမဖြစ်အရေးကြီးသည်။ သို့သော် သောက်သုံးသည့်နွားနို့သည် သန့်ရှင်းလတ်ဆတ်ရန်အရေးကြီး၍ အရောအနှောကင်းရန်လိုသည်။ ထို့အတူ နို့နှင့်နို့ထွက်ပစ္စည်းများသည်လည်း နို့ကိုအဓိကထား၍ ထုတ်လုပ်သည့် ပစ္စည်းများဖြစ်ရန်လိုသည်။ နို့အနံ့ အရသာဖန်တီးထားသည့် ထုတ်ကုန်ပစ္စည်းများမဖြစ်သင့်ပါ။

ပြည်သူများ နို့အစစ်မှထုတ်လုပ်သည့် နို့နှင့်နို့ထွက်ပစ္စည်းများစားသုံးခြင်းဖြင့် ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်မြင့်မားသည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းရေး ရေးသားတင်ပြအပ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၃၅	၈။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	စိုက်ပျိုးသုတ
၄း၂၅	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၈။	လျှပ်တစ်ပြက်
၄း၄၅	၉။	ဗွီစီဒီကျော်ကြားတေး
၅း၀၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွင်ပြင်** (အပိုင်း -၂၃)
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၄။	သံစဉ်လမ်းကလင်းလက်ကြွယ်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစုံအိမ်** (အပိုင်း-၄၇)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ဒို့တာဝန်အရေး(၃)ပါး
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	Talk Of The Town
	၂၂။	မေးမြန်းစူးစမ်း
	၂၃။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၄။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၂၆)
	၂၆။	Mini Series

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

တိုင်းဒေသကြီးနှင့် ပြည်နယ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း တံခွန်စိုက်ဒိုင်းဆုဆွတ်ခူး

ရန်ကုန် ဇူလိုင် ၃၁

၂၀၁၁ ခုနှစ် (၂၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ အမှုဆောင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး တစ်ဦးချင်းဆုများ၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲနှင့် အမျိုးသားအသင်းလိုက် ပထမဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရ ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်အသင်းတို့အားလည်းကောင်း အမျိုးသမီးအသင်းလိုက်ဆုကို ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရ ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့အားလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ (၂၄) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ပူးတွဲကျင်းပသည့် အမျိုးသားတံခွန်စိုက် ပြိုင်ပွဲဆုများကို ပေးအပ်ချီးမြှင့်ရာ အသက် (၁၈) နှစ်အောက် အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်တစ်ဦးချင်းပြိုင်ပွဲ၊ အလွတ်တန်း အမျိုးသား အမျိုးသမီး တံခွန်စိုက် တစ်ဦးချင်းပြိုင်ပွဲများတွင် ဆုရရှိသူများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ လှလှဝင်း(ဧရာဝတီတိုင်းဒေသကြီး)နှင့် အမျိုးသားအကောင်းဆုံးအားကစားသမားဆုရ သက်ကိုကိုလတ် (မွန်ပြည်နယ်) တို့အား စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က ဆုများပေးအပ်ချီးမြှင့်ပြီး (၂၄)ကြိမ်မြောက် တိုင်းဒေသကြီး/ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားအသင်းလိုက်၊ အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပထမဆုရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးများနှင့် ဆင့်ပွားဒိုင်းဆုများကို မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သတင်းမှတ်စုနှင့်ဓာတ်ပုံ တင်စိုး (မြန်မာ့အလင်း)

၂၀၁၁ခုနှစ် (၂၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသား အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

အလေးမဒိုင်လူကြီးမွမ်းမံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အလေးမပြိုင်ပွဲတွင် မြန်မာနိုင်ငံက အရည်အချင်းမီ အလေးမဒိုင်လူကြီးများ အင်အားပြည့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အလေးမဒိုင်လူကြီး မွမ်းမံသင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒိုင်လူကြီးအဖွဲ့ဝင် ဦးတိုက်စိုးတို့က အပြည်ပြည်ဆိုင်ရာအလေးမအဖွဲ့ချုပ်၏ အလေးမပြိုင်ပွဲ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ပြင်ဆင်သတ်မှတ်သည့် ဥပဒေများကို ဟောပြောပို့ချခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ဖြင့် သင်ကြားပို့ချခဲ့သည်။ **(အပေါ်ယာပုံ)**

တက်ရောက်ခဲ့

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၏ လိုင်စင်ရဒိုင်လူကြီး

၃၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းနောက်ဆုံးနေ့တွင် အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်ကပေးပို့သည့် အလေးမ ဒိုင်လူကြီးစာမေးပွဲ မေးခွန်းလွှာကို အင်္ဂလိပ်ဘာသာဖြင့် စာမေးပွဲကျင်းပခဲ့သည်။ သတ်မှတ်အရည်အချင်း ပြည့်မီသည့် ဒိုင်လူကြီးများအား အပြည်ပြည်ဆိုင်ရာ အလေးမ ဒိုင်လူကြီးလိုင်စင် ရရှိရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



ရေဘေးသင့်ပြည်သူများအား ပစ္စည်းနှင့်ပံ့ပိုးငွေပေးအပ်လှူဒါန်းပွဲ ပဲခူးမြို့၌ကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

ရေဘေးသင့်ပြည်သူများအား ပစ္စည်းနှင့်ပံ့ပိုးငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန်ရေဘေးစခန်း၊ ကလျာဏီရေဘေးစခန်းနှင့် ရွှေနံ့သာရေဘေးစခန်းတို့၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့က ရေကျသွားသည့်နေရာများ၌ သန့်ရှင်းရေးနှင့်ကျန်းမာရေးကို အထူးဂရုပြုကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ပေးအပ်

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ လှူဒါန်းသော စားနပ်ရိက္ခာများ၊ အဝတ်အထည်များနှင့် ပံ့ပိုးငွေများကို ပေးအပ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရေဘေးသင့် ပြည်သူများအား ပစ္စည်းနှင့် ပံ့ပိုးငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနား၌ အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကလျာဏီရေဘေးစခန်းမှ အိမ်ထောင်စု ၉၀၊ရွှေနံ့သာရေဘေးစခန်းမှ အိမ်ထောင်စု ၃၂၅ စု၊ ဗုဒ္ဓအသံ ဓမ္မဗိမာန် ရေဘေးစခန်းမှ အိမ်ထောင်စု ၅၃၇ စု စုစုပေါင်း အိမ်ထောင်စု ၉၅၂ စုအတွက် အမှတ်(၁) စက်မှု ဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီး ဌာနတို့က ငွေကျပ် ၂၉၆၅၀၀၀ ပံ့ပိုး လှူဒါန်းပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၉၅၂ စုအတွက် ငွေကျပ် ၉၅၂၀၀၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်ဂျင်နီယာ (မြို့ပြ)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

၁၉၈၀-၈၄ ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၃၁ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်နုနုတင် ဖုန်း-၀၉-၅၀၀၉၁၂၈၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၀၀၈၇၅၂၊ ၀၁-၂၂၆၈၁၇၊ ဦးမိုးအောင် ဖုန်း-၀၉-၅၁၂၇၇၈၇၊ ၀၁-၅၀၅၈၂၁၊ ဦးခင်အောင် ဖုန်း-၀၉-၄၉၂၂၆၇၁၆၊ ၀၁-၅၀၁၂၂၀၊ ကိုမျိုးဌေး ဖုန်း-၀၁-၅၀၃၇၄၆၊ မလွင်လွင်မီ ဖုန်း-၀၉-၅၄၀၅၅၈၅၊ မခင်မေဌေး ဖုန်း-၀၉-၂၀၀၃၇၄၅နှင့် မမြမြဝင်း ဖုန်း-၀၉-၈၆၂၂၆၃၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှချီးမြှင့်သော ရန်ကင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့တွင် စေတနာ၊ ဝါသနာ၊ အနစ်နာခံလျက် ကိုယ်ကျိုးစွန့်စွမ်းဆောင်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၄ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးမျိုးမြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (၀၄၃)

ဟိုပင်မြို့ မြဇေယျာရပ်ကွက် အမက စက်ကုန်းကျောင်းလမ်း၌ ဇူလိုင် ၄ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ခံ ဦးစိုးသန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပညာရည်ချွန်ဆုပေးပွဲ ဖြူးမြို့၌ကျင်းပ

ဖြူး ဇူလိုင် ၃၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ပညာရေးမြှင့်တင်မှုကော်မတီမှကြီးမှူး၍ ၂၀၁၀-၂၀၁၁ခုနှစ် ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးအပ်ပွဲကို ဇူလိုင် ၂၄ရက် နံနက် ၉နာရီက ဖြူးမြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုဆုပေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးလွင်မင်း၊ မြို့နယ်ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဦးတင့်အောင်နှင့်မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းမြင့်တို့က အမှာစကားပြောကြားကြပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၈၃ဦးနှင့် ဂုဏ်ထူးရအောင်သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမြှင့်တင်မှုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြသည်။ **(အောက်ပုံ)** (၁၁၃)

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း ဖွင့်ပွဲအခမ်းအနား ရမည်းသင်း၌ကျင်းပ

ရမည်းသင်း ဇူလိုင် ၃၁

ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျင်းပသော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

တက်ရောက်

အခမ်းအနားတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၁၃၆ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။ **(၄၁၆)**

သီပွံနည်းကျစိုက်ပျိုးခြင်း သရုပ်ပြပွဲ ဒေးဒရဲမြို့နယ်၌ ကျင်းပ

ဒေးဒရဲ ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ချောင်းဖျားဆင်ကူးကျေးရွာအုပ်စု စံပြစိုက်ကွင်း ကွင်းအမှတ် (၂၄၈)ရှိ ဦးဝင်းမြင့်အောင်နှင့် ဦးညွန့်မောင်တို့၏ လယ်သုံးကေတွင် ဇူလိုင် ၁၅ ရက်က မျိုးစေ့ အလေအလွင့် နည်းစေရေးနှင့် တစ်ဧက တင်း ၁၀၀အထက် ထွက်ရှိရေးအတွက် သီပွံနည်းကျစိုက်ပျိုးရေး နည်းစနစ် ၁၄ချက်နှင့်အညီ ပေါင်စနစ်ဖြင့်ပျိုးထောင်ပြီး ပျိုးနုတ်စိုက်ပျိုးခြင်း သရုပ်ပြပွဲ ကျင်းပသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်၍ စိုက်ပျိုးရေးမန်နေဂျာက သီပွံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ချက်ကို အသေးစိတ်ရှင်းလင်းပြီး ကွင်းဝန်ထမ်းများက လက်တွေ့သရုပ်ပြ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(စိုက်ပျိုးရေး)

သစ်သားတံတား တည်ဆောက်

တောင်တွင်းကြီး ဇူလိုင် ၃၁

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ၅၅၀ လမ်းအဝင် သစ်သားတံတား တည်ဆောက်နေမှုကို ဇူလိုင် ၅ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းနေ မိဘများဖြစ်ကြသော ဦးချစ်သိန်း-ဒေါ်မြင့်မြင့်တို့အားရည်စူး၍ ဦးမျိုးသွင်-ဒေါ်မြင့်မြင့်သိန်းနှင့် မောင်နှမတစ်စုတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာ ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စီးပွားဖြစ်မွေးမြူရေးနည်းပညာဟောပြောပွဲ မော်လမြိုင်ကျွန်းမြို့နယ်၌ကျင်းပ

မော်လမြိုင်ကျွန်း ဇူလိုင် ၃၁

မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စီးပွားဖြစ်မွေးမြူရေးနည်းပညာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ရေလိန်ကျေးရွာအုပ်စု မောင်လှိုင်ကျေးရွာ ရုံးခန်းမ၌ ကျင်းပသည်။

ယင်းအသိပညာပေးဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းရှိန်၊ ဒုတိယဦးစီးမှူး ဒေါက်တာထွန်းဇော်ဝင်းနှင့်အဖွဲ့က စီးပွားဖြစ် မွေးမြူရေးနည်းပညာများကို ရုပ်ပုံကားချပ်များ၊ သရုပ်ဖော်ပုံများဖြင့် အသိပညာပေး ဆွေးနွေးဟောပြောကြသည်။

ဟောပြောဆွေးနွေး

အလားတူ စီးပွားဖြစ်မွေးမြူရေး အသိပညာပေးဟောပြောပွဲများကို ဇူလိုင် ၂၀ ရက်က မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာ၊ လင်းနေချောင်းကျေးရွာနှင့် သပြေချောင်းကျေးရွာတို့တွင် ဟောပြောဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။ **(၀၆၅)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း စစ်တွေမြို့၌ ဆက်သွယ်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၁

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဇူလိုင်၂၉ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရခိုင်ပြည်နယ် မန်နေဂျာရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်တွင် မိမိတို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ လက်ရှိဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းလ်တယ်လီဖုန်းစနစ် တိုးချဲ့တပ်ဆင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အော်တိုအိတ်ချိန်း တယ်လီဖုန်းစခန်း **(ဝဲပုံ)**၊ ပြည်နယ်ကြေးနန်းစခန်း၊ မိုက္ကရိုဝေ့ဗ်စခန်းနှင့် စစ်တွေမြို့ စာတိုက်ကြီး တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းတော်နှင့် ဗန်းမောက်မြို့ စည်ပင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စစ်ကိုင်း ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်ဝင်းသည် ဇူလိုင် ၂၃ ရက်က တာဝန်ရှိသူများနှင့်အတူ ကသာခရိုင် အင်းတော်မြို့သို့ ရောက်ရှိပြီး အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး အင်းတော်မြို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အင်းတော်မြို့ ဈေးအတွင်း၌သန့်ရှင်းရေးနှင့်အသားရောင်းချသည့် အသားဆိုင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ပေးအပ်

ဆက်လက်၍ ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍လိုအပ်သည်များမှာကြားပြီး ဗန်းမောက်ချောင်း ရေတိုက်စားခံရသောအိမ်ထောင်စုများကို ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ဗန်းမောက်မြို့တွင်းနှင့်ဈေးကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(တိုင်းဒေသကြီးစည်ပင်)

ကွမ်းလုံခရိုင် ဟိုပန်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇူလိုင် ၃ ရက်က အခြေခံပညာ အထက်တန်းကျောင်း စာေမဟာခန်းမ၌ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဝင်းရှိန်က နိုင်ငံသား အရည်အချင်းပြည့်မီသူကျောင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (၄၀၂)

သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုးနည်း မအူပင်၌သရုပ်ပြ

မအူပင် ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စုတွင် ထွန်းသစ်အောင်လယ်ယာကုန်ထုတ်အသင်းစု အသင်းဝင် ဦးအောင်သိန်းဦး၏ မိုးစပါးစိုက်ပျိုးမြေ ၁၀ ဧက၌ ဆင်းသုခစပါးမျိုး တစ်ဧကတင်း ၁၀၀ နှုန်းအထက် ထွက်ရှိရေး သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြသ

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ၊ မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မြို့နယ်မန်နေဂျာ ဦးညီလေးမောင်က ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းကို လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မူးယစ်ဆေးဝါး ...

မှုခင်းကျဆင်းရေး ထန်းတပင်မြို့နယ်၌ ပညာပေးဟောပြော

ထန်းတပင် ဇူလိုင် ၃၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် သီရိမင်္ဂလာခန်းမ၌ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကျင်းပရာ ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က အမှာစကားပြောကြားသည်။

ပြန်လည်ဖြေကြား

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးမြင့်ဝေက မှုခင်းဖြစ်ပွားမှုအန္တရာယ်ကြိုတင်ကာကွယ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း **(အောက်ပုံ)**၊ မြို့နယ် ဥပဒေအရာရှိ ဦးအေးမြင့်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီး ဦးရွှေမြင့်အောင်က လောင်းကစားမှု ကင်းစင်ပပျောက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလူလူထွန်းက လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တန်းမြို့ ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၅) ရပ်ကွက် အရှေ့ပြည်သာရိပ်မွန်နေ ဦးခင်မောင်လတ်-ဒေါ်နီနီစိုး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးလှမြင့်နှင့် ရိပ်သာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျောက်စုဆောင်း

ဘိုကလေးမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန်အတွက် ကျောက်စုဆောင်းထားရှိမှုကို ဇူလိုင် ၁ ရက်က အမှုဆောင်အရာရှိ ကွင်းဆင်းစစ်ဆေးစဉ်။ (၀၆၆)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၃၁

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"အေးချမ်းသာယာ ပြည်မြန်မာ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ရိုးရာပွဲတော်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀×၁၄)လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

(ဂ) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်း မပြုရပါ။

(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်ရပါ။

(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။

(စ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ် စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

(ဆ) မိမိတို့၏ ပြိုင်ပွဲဓာတ်ပုံများအား Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းငါးသောင်းနှင့် အထူးဆု ငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့အပြင် အဆိုပါဆုရရှိသူများအား Myanmar Golden Rock ကုမ္ပဏီက ပထမဆုရရှိသူအား (Cannon SLR ကင်မရာ EOS-1000D with 18-55 mm II lens)၊ ဒုတိယဆုရရှိသူအား (Cannon Compact Digital ကင်မရာ IXUS-115)၊ တတိယဆုရရှိသူအား (Cannon Compact Digital ကင်မရာ Power Shot A-495)၊ အထူးဆုရရှိသူများအား ငွေသား ၅၀၀၀၀ ကျပ်တန် Cannon Showroom တွင် ဈေးဝယ်ခွင့်ကူပွန်များကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

နောက်ဆုံးထားပေးပို့

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၄င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

1-8 (07).pmd 1 8/1/2011, 1:21 AM

လမ်း၊ တံတား ပျက်စီးမှုများ အမြန်ဆုံးပြုပြင်ထိန်းသိမ်း လမ်းများ ကြံ့ခိုင်မှုရှိပြီး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၉ ရက်တွင် ရခိုင်ပြည်နယ် အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံးမှ ဝန်ထမ်းများ၊ အထူးအဖွဲ့များ၊ ခရိုင်အဖွဲ့များ၊ မြို့နယ်နှင့် မြို့နယ်ခွဲများမှ ဝန်ထမ်းများအားတွေ့ဆုံ၍ မိမိတို့ပြည်နယ်အတွင်းရှိ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ မိုးရွာသွန်းမှုကြောင့် လမ်း၊ တံတား ပျက်စီးမှုများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ရန်နှင့် ဓာတ်ပုံမှတ်တမ်းများ ထားရှိရန်၊ လမ်းများကို ရေရှည်ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်သွားရန်နှင့် ပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန် စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ခရိုင်ရုံးနှင့် မြို့နယ်ရုံးများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စစ်တွေ-ရသေ့တောင်-ပုဏ္ဏားကျွန်းလမ်းအပိုင်းရှိ မင်းချောင်းတံတားကြံ့ခိုင်မှု၊ တံတားသံပေါင်များ၊ ရက်မများနှင့် ကွန်ကရစ်တိုင်များ ကြံ့ခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ

(၂၀၁၁-ဩဂုတ်လ)

၁။ မွေးစမှ ကလေးအသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

၂။ အသက် (၆)လမှ (၅)နှစ်အောက်ကလေးများကို ဗီတာမင်အေ ဆေးလုံးတိုက်ပါ။
၃။ အသက် (၂)နှစ်မှ (၅)နှစ်အောက်ကလေးများနှင့် မူလတန်းအရွယ်ကလေးများကို (၆)လတစ်ကြိမ် သန်ချဆေးတိုက်ပါ။

၄။ အမျိုးသမီးများ သံဓာတ်အားဆေး မှီဝဲပါ။
၅။ ကိုယ်ဝန်(၃)လအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေးတစ်ကြိမ်တိုက်ပါ။
၆။ ကိုယ်ဝန်နောက်ဆုံးလမှ မွေးဖွားပြီး (၃)လအထိ ဗီတာမင်ဘီဝမ်းဆေးပြား တိုက်ကျွေးပါ။

၇။ မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
၈။ အသက်အရွယ်မရွေး အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef

လယ်ယာကဏ္ဍထုတ်လုပ်မှုထူးချွန်ဆုချီးမြှင့်ပွဲ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၃၁

၂၀၁၁-၂၀၁၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းဒေသကြီးအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၉၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်ပြီး သိပ္ပံနည်းကျပျိုးထောင်ခြင်း သရုပ်ပြမှု၊ မြို့နယ်အလိုက် ကောက်စိုက်အသင်း (၁၀)သင်းတို့၏ ကောက်စိုက်စွမ်းရည် ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး လယ်ကွင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကာ ဦးစီးဌာန ခုနစ်ခုနှင့် ပုဂ္ဂလိက ကုမ္ပဏီသုံးခုတို့က ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေး အသိပညာပေးပြခန်းများ၊ လယ်ယာသုံး စက်ကိရိယာပြခန်းများနှင့် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သီးနှံစိုက်ဧရိယာများ တိုးချဲ့ရေးနှင့်အထွက်နှုန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများ အသုံးပြုကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာအဖြစ်သို့လည်းကောင်း၊ တစ်သီးစားမှ နှစ်သီးစားအဖြစ်လည်းကောင်း ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြစေလိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း (၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး ဝင်ငွေတိုးတက် ရရှိလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ခရိုင်အလိုက် ၂၀၁၁-၂၀၁၂ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ အစီရင်ခံစာများကို ခရိုင်အုပ်ချုပ်ရေးမှူးများက တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အပ်နှံကြပြီး ၂၀၁၀-၂၀၁၁ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုများနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲဆုရအသင်းများ၊ ကူညီပံ့ပိုးပေးကြသော ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး၏ မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၂ သိန်းအနက် ရေတော်မိုးတော် ဧကပေါင်း ၁၀၉၉၅၃၅ ဧက၊ ၉၁ ဒသမ ၆၃ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်ရှိသောရေကြီး/ရေနက်ကွင်းမှလယ်များ ရာခိုင်နှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကွန်ပျူတာခန်းမကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တိုင်းဒေသကြီးအဆင့် ကောက်စိုက်စွမ်းရည် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဘုတလင်မြို့နယ် လက်ယက်တွင်းကျေးရွာ၌ စာကြည့်တိုက်ဖွင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၃၁

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် ဘုတလင်မြို့နယ် လက်ယက်တွင်းကျေးရွာ၌ ကျင်းပသည့် သိန်းထိုက်ရတနာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ယင်းနောက် ကျေးရွာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဗလငါးတန်လေ့ကျင့်ရေး ခန်းမဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ရာ လက်ယက်တွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ကြီး ဦးစောဝင်းနှင့် အလှူရှင် ဦးသိန်းထိုက်တို့က ဗလငါးတန်လေ့ကျင့်ရေးခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်၊ ခန်းမဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး ဆုရကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကာ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးမှု ကော်မတီက ကြီးမှူးကျင်းပသော နေရောင်ခြည်သုံး(Solar) ပစ္စည်းများနှင့် (Gasifired) စက် အသုံးပြုမှုပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် ဘုတလင်မြို့နယ် သစ်ခဲကြီးကျေးရွာ ရောင်ခြည်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘုတလင်မြို့နယ် မောင်းထောင်စံပြကျေးရွာ စိန္တကျော်သူစာကြည့်တိုက်၊ တိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင်ဆောက်လုပ်နေမှု၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဘုတလင်မြစ်ရေတင်လုပ်ငန်း အကြီးစားပြင်ဆင်ထိန်းသိမ်းမှုနှင့် ရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘုတလင်မြို့နယ် သီးပင်အိုင်ကျေးရွာ တောင်သူများနှင့် တွေ့ဆုံသည်။ ထို့နောက် ဘုတလင်မြို့နယ်တွင်းတောင်စခန်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းစက်ရုံ(စက်ကိုင်း)သို့ ရောက်ရှိပြီး စက်ရုံလည်ပတ်နေမှု၊ လျှပ်စစ်မီးရရှိမှု၊ကုန်ကြမ်းများ ထုတ်လုပ်နေမှု၊ တွင်းတောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှုနှင့် တွင်းတောင်ကျေးရွာ ပင်မရေစုကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲ/နှမ်းကုန်သည်ကြီးများအသင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်သည် ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တိုင်းဒေသကြီး ပဲ/နှမ်းကုန်သည်ကြီးများအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ပဲ/နှမ်းကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပဲ/နှမ်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲ/နှမ်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွက်တိုးရေး၊ အရည်အသွေးကောင်းမွန်ရေးနှင့် ပြည်တွင်း/ပြည်ပ အရောင်းအဝယ်ဖွံ့ဖြိုးတိုးတက်ရေးစသည့် ရည်ရွယ်ချက် (၃)ရပ်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပဲ/နှမ်းစိုက်တောင်သူများကိုလည်း အသိပညာနှင့် စိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစုများ၊ မျိုးကောင်း မျိုးသန့်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ပုသိမ်ဆိပ်ကမ်းမှ နိုင်ငံခြားသို့ ပဲ/နှမ်းများကို တိုက်ရိုက်တင်ပို့ရောင်းချသွားနိုင်အောင်နှင့် ပဲ/နှမ်းကဏ္ဍရောင်းဝယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရနှင့်အတူ တိုင်းဒေသကြီးအတွင်းရှိ အထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များမှ ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ဇူလိုင် ၂၄ ရက်က ကျိုက်ခေါက်ဘုရားလမ်းဘေး ဝဲ/ယာ၌ ချုံနွယ်ရှင်းခြင်း၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းတို့ကို ဒုတိယဦးစီးမှူး (သန့်) ဦးခင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဒီဇယ်ဓာတ်အားပေးစက်ရုံ စက်လေးလုံးဖြင့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်ပေးနေ

နေပြည်တော် ဇူလိုင် ၃၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင်၂၉ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများ၊ Unit losses ကျဆင်းမှုနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ရခိုင်ပြည်နယ် မီးလင်းရေးကိစ္စရပ်များ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စည်းစည်းလုံးလုံးဖြင့် စနစ်တကျ နေထိုင်ရေး၊ ဝန်ထမ်းကောင်းများပီပီ အဂတိတရားလိုက်စားမှု၊ လာဘ်ပေး လာဘ်ယူမှု ကင်းရှင်း၍ မိမိလုပ်ငန်းတာဝန်အား တိကျမှန်ကန်ကောင်းမွန်စွာ ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စစ်တွေမြို့နယ် ဒီဇယ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက စစ်တွေမြို့သို့ ၁၂၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် တစ်လုံး၊ ၁၀၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်တစ်လုံး၊ ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံး စုစုပေါင်း ဓာတ်အားပေးစက် လေးလုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ ၉။ **ချစ်တတ်ကြရအောင်**
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၁၃)
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၁၉)
- ၁၈။ အစီအစဉ်ပြီး၏။

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၃၁

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၅	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၂	ကယားပြည်နယ်	၃၂	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည် (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၃	ကရင်ပြည်နယ်	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည် (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၄	ချင်းပြည်နယ်	၂၅	၁၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၉	၂၇	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည် (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည် (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၆	၂၈	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၈	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၈၀%
၁၁	မွန်ပြည်နယ်	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည် (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၃	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည် (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၇	၂၀	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၂	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၃	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၅	၂၆	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၃	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၈	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နိုင်ငံသားစိစစ်ရေးကတ်များ တပ်ကုန်းမြို့၌ ထုတ်ပေး

တပ်ကုန်း ဇူလိုင် ၃၁

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေကုန်းကျေးရွာအုပ်စု၌ ဇူလိုင် ၂၇ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းရဲထွန်းနှင့် ဝန်ထမ်းများ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၄၂ ကတ်ကို ကျေးရွာပြည်သူများသို့ ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်လွင်စိုး **(အောက်ပုံ)** က လက်ခံယူခဲ့ကြောင်းနှင့် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(ဝ၂၁)**

ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်းသရုပ်ပြပွဲ ကျုံပျော်မြို့နယ်၌ ကျင်းပ

ကျုံပျော် ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဘူးပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၁၉)၊ ဦးပိုင်အမှတ်(၈၆) လယ်မြေတွင် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၊ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးသက် ၂၀ ရက်သား ပျိုးပင်များအား စိုက်ပျိုးပြသခြင်းသရုပ်ပြပွဲ**(ယာပုံ)**ကို ဇူလိုင် ၂၀ ရက်က ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် မြစ်ဝကျွန်းပေါ်ဆန်းစပါးရောင်းဝယ်ရေးမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကွင်းဝန်ထမ်းများ၊ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ခဲ့ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးတင်အောင်ချိုက စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက် ထွက်ရှိရန် လိုက်နာလုပ်ဆောင်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄) ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အလုပ်ရုံဆွေးနွေး

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့အစီအစဉ် ကျင်းပစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဇူလိုင် ၃၁

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော် အငြိမ်းစားဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆောင်ရွက်

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ သဘာပတိအဖြစ် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့မှ ပါမောက္ခ ဒေါက်တာသိန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် မန္တလေးဆေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာစိုးထွန်းက ဆောင်ရွက်သည်။

ဖတ်ကြားတင်သွင်း

ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာဝင်းမောင်တို့က ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း စာတမ်း၊ ညွှန်ကြားရေးမှူး (အစာ/ဆေးဝါး) ဒေါက်တာကျော်လင်းက ဆေးဝါးရောင်းချမှု စီမံခန့်ခွဲခြင်း စာတမ်းနှင့် ညွှန်ကြားရေးမှူး(စီမံကိန်း) ဒေါက်တာနီလာတင်က ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ဖွဲ့စည်းပုံအား ပြန်လည်သုံးသပ်ခြင်း စာတမ်းများကို ဖတ်ကြားတင်သွင်း ဆွေးနွေးကြသည်။

စုစည်းတင်ပြ

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက အုပ်စုလေးစုခွဲ၍ ဖတ်ကြားတင်သွင်းကြသည့် စာတမ်းများအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးချက်များအား အုပ်စုအလိုက် တာဝန်ရှိသူများက စုစည်းတင်ပြကြသည်။ စုစည်းတင်ပြချက်များအပေါ် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ယင်းနောက် သဘာပတိက အုပ်စုများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ပထမပိုင်းကို ခေတ္တရပ်နားသည်။

ဆွေးနွေးအကြံပြု

မွန်းလွဲပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆောင်ရွက်သည်။ ဆက်လက်၍ ကဏ္ဍကြီး(၆)ရပ်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည့် အချက်များအပေါ် မူတည်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် တင်ပြခြင်းနှင့် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ရာ ကဏ္ဍကြီး(၆)ရပ် တစ်ခုစီအတွက် ကိုယ်စားလှယ်ခေါင်းဆောင်က တင်ပြကြ၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ဖတ်ကြား

ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော သဘောတူအကြံပြုချက်များကို လုပ်ငန်းကော်မတီက ဖတ်ကြားကာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၃၁-၇-၂၀၁၁

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မူဆယ်မြို့နယ်၌ကျင်းပ

မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယုကျေးရွာတွင် ဇူလိုင် ၃ရက် နံနက် ၈နာရီက စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွယ်ဦးမွန်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်စန်းရီနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျွန်း၊ ထင်းရှူး၊ စိန်ပန်းနှင့် အရိပ်ရပင်များစိုက်ပျိုးခဲ့ကြပြီး **(ဝဲပုံ)** ဆက်လက်၍ စုပေါင်းသွေးလှူဒါန်းပွဲကို မူဆယ်ပြည်သူ့ဆေးရုံတွင် ကျင်းပသည်။

ကျင်းပ

ထို့နောက် ညပိုင်းတွင် တိုင်းရင်းသား ဝတ်စားဆင်ယင်မှု ဖက်ရှင်အလှပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲများကို ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(၁၄၃)**

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ သံဖြူဇရပ်မြို့၌ကျင်းပ

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သစ်တောဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ မြို့မအားကစားကွင်းအတွင်း၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် သံဖြူဇရပ်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဖိုးချို့နှင့်ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျိုက္ခမီ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျိုက္ခမီအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ ရေတမာနှင့် ကံ့ကော်အပင် ၄၅၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကြံခင်းမြို့နယ်၌ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ပေါက်နွယ်စမ်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၇)၊ ပုသိမ်-မုံရွာကားလမ်းဘေး မိုင်တိုင်အမှတ်(၁၂၁/၅)၌ ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီကကျင်းပသည်။ အခမ်းအနားတွင် သစ်တောဦးစီးအရာရှိက စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၁၀၇၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ဘိုကလေးမြို့ ကျေးရွာ ၁၈ရွာ၌ ထင်းစိုက်ခင်းများ စိုက်ပျိုးပြီးစီး

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ကျေးရွာပိုင်ထင်းစိုက်ခင်း တစ်ရွာတစ်ဧက သစ်မာစိုက်ပျိုးပြီးစီးမှု မှတ်တမ်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့နယ် မလော့ကျေးရွာအုပ်စုရုံးခန်း၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က ကျေးရွာပိုင် ထင်းစိုက်ခင်း စိုက်ပျိုးဖော်ထုတ်ရခြင်းနှင့် အကျိုးသက်ရောက်ပုံများကို ရှင်းလင်းပြောကြားပြီး မလော့ကျေးရွာအုပ်စု ကျေးရွာငါးရွာတွင် တည်ထောင်စိုက်ပျိုးပြီးသော ကျေးရွာပိုင်ထင်းစိုက်ခင်း တစ်ရွာတစ်ဧကစိုက်ပျိုးပြီးစီးမှု မှတ်တမ်းများကို မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကံထွန်းက မလော့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစန်းဦးထံ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

ဘိုကလေးမြို့နယ်တွင် ၂၀၁၁ ခုနှစ် မိုးရာသီ၌ တစ်ရွာတစ်ဧက ကျေးရွာပိုင်ထင်းစိုက်ခင်းသစ်မာကို ကျေးရွာအုပ်စု လေးအုပ်စုအတွင်းရှိ ကျေးရွာ ၁၈ ရွာတွင် တည်ထောင်စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(ဝ၆၅)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘီးလင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများအား ပျိုးပင်များပေးအပ်သည်။ **(အပေါ်ပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ဘီးလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးလှိုင်တို့ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၃၀၀၊ မဟော်ဂနီ ၁၀၀နှင့် အော်ရေးရှားပင် ၁၀၀တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် သီပေါမြို့ မြို့မဈေးအတွင်း အပြင် ဈေးရုံများခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်မှုဖြင့် ဝန်ထမ်းများဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ခင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ခြင်ဆေးဖျန်းခြင်းကို ဇူလိုင် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးချစ်ငွေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီသွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အမက (၂) ကျောင်းတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၁၇ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲထွဋ်မင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လှိုင်သာယာမြို့နယ် အမှတ်(၁၁) ရပ်ကွက် အနော်ရထာလမ်း ၁၂/ သမမှတ်တိုင်အနီးတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၃ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းလင်းဇော်နှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များကို ရှင်းလင်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)



ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ မြို့မအခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း ဇူလိုင် ၂၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်း၍ခြင်ဆေးဖျန်းကြစဉ်။ (ဝ၉၁)

1-8 (10).pmd 1 8/1/2011, 1:21 AM

နိုင်ငံတကာမျက်မှင် နိုင်ငံတကာမျက်မှင် နိုင်ငံတကာမျက်မှင် နိုင်ငံတကာမျက်မှင် နိုင်ငံတကာမျက်မှင်

မောင်မောင်မြင့်ဆွေ - စုစည်းသည်

အောင်မြင်ကျော်ကြားနေသည့် ဘောလီဝုဒ်ရုပ်ရှင်မင်းသမီးကာပူးရာ

နယူးဒေလီ ဇူလိုင် ၃၁

အိန္ဒိယရုပ်ရှင်လောကဖြစ်သည့် ဘောလီဝုဒ်၌ ထင်ပေါ်ကျော်ကြားနေသော ရုပ်ရှင်မင်းသမီးတစ်ဦးမှာ ဆိုနမ်ကာပူးရာဖြစ်ပြီး ရုပ်ရှင်ကားများစွာ၌ ပါဝင်သရုပ်ဆောင်နေရသည့် အနုပညာရှင်တစ်ဦးလည်းဖြစ်သည်။ ၂၀၁၀ခုနှစ်က ဘောလီဝုဒ်ထိပ်တန်း ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ခဲ့ပြီး ၂၀၁၁ခုနှစ်တွင်လည်း အောင်မြင်မှုအရှိဆုံး ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်သည်။ ***(ဝဲပုံ)***

အသက် ၂၅နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီး ကာပူးရာသည် အိန္ဒိယရုပ်ရှင်မင်းသား အနီလ်ကာပူးရာနှင့် ရုပ်ရှင်မင်းသမီး ဆူနီတာကာပူးရာတို့၏ သမီးဖြစ်သဖြင့် အနုပညာဗီဇပါရှိသူတစ်ဦးဖြစ်သည်။ အသက်လေးနှစ်သမီးအရွယ်၌ပင် Saawariya ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခွင့် စတင်ရရှိခဲ့ရာမှ နောက်ပိုင်းတွင် ရုပ်ရှင်ကားများ ဆက်တိုက်ရိုက်ကူးခဲ့သူဖြစ်သည်။

ရုပ်ရှင်မင်းသမီး ကာပူးရာသည် မွမ်ဘိုင်းမြို့ အာယာဗစ်ယာမင်ဒီရာကျောင်း၌ အထက်တန်းပညာသင်ယူခဲ့ပြီး အိန္ဒိယရှိ ယူနိုက်တက်ဝေါကောလိပ်မှ ကျောင်းပြီးခဲ့သူလည်းဖြစ်သည်။ သူမစတင်အောင်မြင်မှုရရှိခဲ့သော ဇာတ်ကားမှာ Delhi-6 ဖြစ်ပြီး ပရိသတ်များ အထူးနှစ်သက်အားပေးခဲ့ကြသည်။

ရုပ်တည်

ထို့နောက် I Hate luv storys၊ Aisha၊ Thank You နှင့် Mausem ဇာတ်ကားများ၌အောင်မြင်မှုများ ဆက်တိုက်ရရှိခဲ့ပြီး ပရိသတ်အားပေးမှုရရှိကာ ဘောလီဝုဒ်၌ထင်ပေါ်ကျော်ကြားပြီး အောင်မြင်မှုရရှိနေသော ရုပ်ရှင်မင်းသမီးတစ်ဦးအဖြစ် ရပ်တည်နေခဲ့သည်။ လက်ရှိအချိန်၌ ကာပူးရာသည် Players အမည်ရှိ ရုပ်ရှင်ကားတွင်ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

၂၀၀၈ခုနှစ်၌ Filmfare Best Female Debut Award ဆုကို Saawariya ဇာတ်ကားဖြင့် ရရှိခဲ့သည့်အပြင် Star Screen Award for Most Promising Newcomer ဆုကိုလည်း ယင်းဇာတ်ကားဖြင့်ပင် ရရှိခဲ့သည်။ ရုပ်ရှင်မင်းသမီးကာပူးရာသည်အခြားလူမှုရေးလုပ်ငန်းများကိုလည်း တက်ကြွစွာလှုပ်ရှားဆောင်ရွက်ခဲ့သဖြင့် ယခုနှစ်၌ Brand Ambassador of the year at NDTV Good Times Guru Awards 2011 ကိုရရှိခဲ့သည်။ လက်ရှိ၌ ရုပ်ရှင်မင်းသမီးကာပူးရာသည် I Hate Luv Storys ဇာတ်ကားရိုက်ကူးသည့် ဒါရိုက်တာပူနစ်မာလ်ဟိုတရာနှင့် တွဲလျက်ရှိနေပါကြောင်း။ ။ ***(အင်တာနက်)***

အိန္ဒိယရုပ်ရှင်မင်းသားကြီး အမိတာဘချန်း ရုပ်ရှင်ကားသစ်ရိုက်ကူးမည်

နယူးဒေလီ ဇူလိုင် ၃၁

ကမ္ဘာကျော် အိန္ဒိယရုပ်ရှင်မင်းသားကြီး အမိတာဘချန်းသည် လာမည့် ဩဂုတ် ၁၂ ရက်မှစတင်ကာ Taalismaan ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ၄င်းက ဇူလိုင် ၃၀ ရက်၌ ထုတ်ဖော်ပြောကြားသည်။

အသက် ၆၉ နှစ်အရွယ်ရှိပြီဖြစ်သည့် အမိတာဘချန်း** (ယာပုံ)**သည် သရုပ်ဆောင်၊ ရုပ်ရှင်ထုတ်လုပ်သူနှင့် ရုပ်ရှင်နောက်ခံတေးသီချင်းသီဆိုသူအဖြစ် ၁၉၆၉ ခုနှစ်မှစတင်ကာ ယနေ့အထိ ရုပ်ရှင်အနုပညာလောက၌ အောင်မြင်စွာ ဖြတ်သန်းနေသူဖြစ်သည်။

မကြာမီရိုက်ကူးမည့် Taalismaan ဇာတ်ကား၌ ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေပြီး အကောင်းဆုံးပါဝင်သရုပ်ဆောင်သွားမည်ဟု ရုပ်ရှင်မင်းသားကြီး အမိတာဘချန်းက ပြောကြားသည်။ အမိတာဘချန်းသည် ၁၉၈၄ မှ ၁၉၈၇ ခုနှစ်အထိ အိန္ဒိယပါလီမန်အမတ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၆ ခုနှစ်၌ အမိတာဘချန်းကော်ပိုရေးရှင်းလီမိတက်ကို စတင်တည်ထောင်ကာ အနုပညာလုပ်ငန်းများကို လုပ်ကိုင်နေသူဖြစ်သည်။

(အင်တာနက်)

ဂျက်လီ၏ အကောင်းဆုံးရုပ်ရှင် ငါးကား ရွေးချယ်စာရင်းထုတ်ပြန်

ပေကျင်း ဇူလိုင် ၃၁

ရုပ်ရှင်မင်းသား ဂျက်လီသရုပ်ဆောင်ခဲ့သော ရုပ်ရှင်ကားများအနက် ပရိသတ် အကြိုက်ဆုံး ဇာတ်ကားငါးကား၏ အမည်စာရင်းကို ဇူလိုင် ၂၆ ရက်က ထုတ်ပြန်ရာ ၁၉၈၉ ခုနှစ်က ရိုက်ကူးခဲ့သော The Master ဇာတ်ကားမှာ ထိပ်ဆုံးမှပါဝင်ခဲ့သည်။

The Master ဇာတ်ကားတွင် ဂျက်လီ **(အပေါ်ပုံ)**သည် ကွန်ဖူးကျောင်းသို့ ရောက်ရှိခဲ့ပုံမှ ကွန်ဖူးအကျော်အမော်တစ်ဦးဖြစ်လာခဲ့သည်အထိ ရိုက်ကူးထားသော ဇာတ်ကားဖြစ်၍ ကမ္ဘာတစ်ဝန်းမှ ပရိသတ်များနှစ်သက်ခဲ့ကြသည်။

ဒုတိယအကောင်းဆုံးဇာတ်ကားမှာ ၁၉၉၁ ခုနှစ်က ရိုက်ကူးခဲ့သည့် Once Upon A Time In China ရုပ်ရှင်ဇာတ်ကားဖြစ်သည်။ ကွန်ဖူးအတတ်ပညာဖြင့် လူသားများကို ကူညီခဲ့မှုဖြစ်ရပ်များအား အနုပညာရသမြောက်စွာ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ရာ ဥရောပတစ်လွှား၌ ဂျက်လီဆိုသည့်အမည် ကျော်ကြားစေခဲ့သော ရုပ်ရှင်ကားလည်းဖြစ်သည်။ တတိယအကောင်းဆုံးဇာတ်ကားမှာ ၁၉၈၂ ခုနှစ်က ရိုက်ကူးခဲ့သော The Shaolin Temple အမည်ရှိ ရုပ်ရှင်ကားဖြစ်သည်။ သာမန်လူတစ်ဦးမှ ရှောင်လင်ကိုယ်ခံအတတ်ပညာ ကျွမ်းကျင်သူတစ်ဦးအဖြစ် ရောက်ရှိအောင် ကြိုးစားခဲ့သည့် ဇာတ်ကားဖြစ်သည်။

စတုတ္ထအကောင်းဆုံးရုပ်ရှင်ကားမှာ Kiss of The Dragon ဇာတ်ကားဖြစ်ပြီး ၂၀၀၁ ခုနှစ်က ရိုက်ကူးခဲ့သော ဇာတ်ကားဖြစ်သည်။ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ရောက်ရှိနေသော တရုတ်ထောက်လှမ်းရေးအရာရှိတစ်ဦး၏ကြုံတွေ့ရမှု ဖြစ်ရပ်များကို ရိုက်ကူးထားသည့် ရုပ်ရှင်ကားဖြစ်သည်။ ပဉ္စမအကောင်းဆုံးရုပ်ရှင်ကားမှာ ၂၀၀၅ ခုနှစ်က ရိုက်ကူးခဲ့သော Unleashed ဇာတ်ကားဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မြင့်မောင်စိုး - စုစည်းသည်

အာဂျင်တီးနား ကစားသမား ပက်(စ်)တိုး ပါလာမို့မှ ပဲရစ်စိန့်ဂျာမိန်းသို့ ပြောင်းရွှေ့

ရောမ ဇူလိုင် ၃၁

အာဂျင်တီးနားကွင်းလယ်ကစားသမား ဂျာဗီယာပက်စ်တိုးသည် အီတလီစီးရီးအေကလပ် ပါလာမိုမှ ပြင်သစ်ပထမတန်းကလပ် ပဲရစ်စိန့်ဂျာမိန်းကလပ်သို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း အီတလီသတင်းအေဂျင်စီ အေအင်န်အက်စ်အေက ဇူလိုင် ၃၀ ရက်၌ ဖော်ပြသည်။ ***(အပေါ်ပုံ)***

၄င်း၏ပြောင်းရွှေ့ကြေးမှာ ယူရို ၄၃ သန်း (အမေရိကန်ဒေါ်လာ ၆၂ သန်း) ဖြစ်ပြီး ဇူလိုင် ၃၀ ရက် ညပိုင်းက ကလပ်နှစ်ခုအကြား သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း ပါလာမိုအသင်း ဥက္ကဋ္ဌ မော်ရီဇီယိုဇမ်ပါရီနီက ပြောကြားသည်။

အသက် ၂၂နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ပက်စ်တိုးသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦးဖြစ်ပြီး ချယ်လ်ဆီးက ခေါ်ယူရန် ကြိုးစားခဲ့သူဖြစ်သည်။ ၄င်းသည် ပြီးခဲ့သည့် ရာသီက ပါလာမိုအသင်းအတွက် ၃၅ပွဲ ပါဝင်ကစားခဲ့ပြီး ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ***(အင်တာနက်)***

၂၀၁၄ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ချန်ပီယံ စပိန်နှင့် ပြင်သစ်တစ်အုပ်စုတည်းကစားရမည်

ရီယိုဒီဂျနေးရိုး ဇူလိုင် ၃၁

ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲများကို ဇူလိုင် ၃၀ ရက်က ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ မဲနှိုက်ရွေးချယ်လိုက်သည်။

အုပ်စု (က)

ဥရောပဇုန် အုပ်စု (က)တွင် ခရိုအေးရှား၊ ဆားဘီးယား၊ ဘယ်လ်ဂျီယံ၊ စကော့တလန်၊ မက်ဆီဒိုးနီးယားနှင့် ဝေလ အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အုပ်စု (ခ)

အုပ်စု(ခ)တွင် အီတလီ၊ ဒိန်းမတ်၊ ချက်၊ ဘူလ်ဂေးရီးယား၊ အာမေးနီးယားနှင့် မော်လ်တာအသင်းတို့ ပါဝင်သည်။ အုပ်စု(ဂ)တွင် ဂျာမနီ၊ ဆွီဒင်၊ အိုင်ယာလန်၊ ဩစတြီးယား၊ ဖာရိုးကျွန်းစုနှင့် ကာဇက်စတန်အသင်းတို့ ကစားကြမည်ဖြစ်သည်။ အုပ်စု (ဃ)တွင် နယ်သာလန်၊ တူရကီ၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ အက်စ်တိုးနီးယားနှင့် အင်ဒိုရာတို့ ပါဝင်သည်။ အုပ်စု (င)တွင် နော်ဝေ၊ ဆလိုဗေးနီးယား၊ ဆွစ်ဇာလန်၊ အယ်လ်ဘေးနီးယား၊ ဆိုက်ပရပ်(စ်)နှင့် အိုက်စလန်အသင်းများ ပါဝင်သည်။

အုပ်စု(စ)

အုပ်စု(စ)တွင် ပေါ်တူဂီ၊ ရုရှား၊ အစ္စရေး၊ မြောက်အိုင်ယာလန်၊ အဇာဘိုင်ဂျန်နှင့် လူဇင်ဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အုပ်စု(ဆ)တွင် ဂရိ၊ ဆလိုဗက်ကီးယား၊ ဘော့စနီးယား၊ လစ်သူယေးနီးယား၊ လတ်ဗီးယား၊ လက်ချင်စတိန်းအသင်းတို့ ကစားကြမည်ဖြစ်သည်။ အုပ်စု(ဇ)တွင် အင်္ဂလန်၊ မွန်တီနီဂရိုး၊ ယူကရိန်း၊ ပိုလန်၊ မော်လ်ဒိုဗာနှင့် ဆမ်မာရီနိုအသင်းတို့ ကစားကြမည်ဖြစ်သည်။ အုပ်စု(ဈ)တွင် လက်ရှိချန်ပီယံ စပိန်၊ ပြင်သစ်၊ ဘီလာရုစ်၊ ဂျော်ဂျီယာနှင့် ဖင်လန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(အင်တာနက်)

မီတာ ၈၀၀ အလွတ် ရေကူးပြိုင်ပွဲ အက်ဒ်လင်တန် ရွှေတံဆိပ်ဆွတ်ခူး

ရှန်ဟိုင်း ဇူလိုင် ၃၁

ဗြိတိန်နိုင်ငံမှ အိုလံပစ်ရွှေတံဆိပ်ရှင် ရေကူးအားကစားမယ် ရေဘက္ကာအက်ဒ်လင်တန်သည် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ကမ္ဘာ့ရေကူးချန်ပီယံပြိုင်ပွဲ အမျိုးသမီး မီတာ ၈၀၀ အလွတ်ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိသွားခဲ့သည်။

ဆွတ်ခူး

အသက် ၂၂ နှစ်အရွယ်ရှိ အက်ဒ်လင်တန်သည် အဆိုပါပြိုင်ပွဲတွင် စံချိန် ၈ မိနစ် ၁၇ ဒသမ ၅၁ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းမီတာ ၈၀၀အလွတ်ကူးပြိုင်ပွဲတွင် ဒိန်းမတ်ရေကူးအားကစားမယ် လော့တီဖရစ်က စံချိန် ၈ မိနစ် ၁၈ ဒသမ ၂၀ စက္ကန့်ဖြင့် ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အမေရိကန် ရေကူးအားကစားမယ် ဘိတ်ဇီဂလာက စံချိန် ၈ မိနစ် ၂၃ ဒသမ ၃၆စက္ကန့်ဖြင့် ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။ **(ဝဲပုံ)** **(အင်တာနက်)**

ဂျာမနီနည်းပြဟောင်း ကလင်းစမန်း အမေရိကန်နည်းပြခန့်အပ်

လန်ဒန် ဇူလိုင် ၃၁

ဂျာမနီနည်းပြဟောင်း ကလင်းစမန်းအား အမေရိကန်ဘောလုံးအသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။ အမေရိကန်၌ အနေများသော ကလင်းစမန်းအား လွန်ခဲ့သောသီတင်းပတ်က နုတ်ထွက်သွားသည့်နည်းပြဘော့ဘရက်ဒလေနေရာတွင် အစားထိုးခန့်အပ်လိုက်ခြင်းဖြစ်သည်။ ဘရက်ဒလေသည် အမေရိကန်ဘောလုံးအသင်းကို လေးနှစ်ခွဲကြာ နည်းပြတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

သွင်းယူ

အသက် ၄၆ နှစ်အရွယ်ရှိ ကလင်းစမန်းသည် လာမည့်ဩဂုတ် ၁၀ရက်တွင် အမေရိကန်နှင့် မက္ကဆီကို ချစ်ကြည်ရေးပွဲ၌ အမေရိကန်အသင်းကို ပထမဆုံးကိုင်တွယ်မည်ဖြစ်သည်။ ကလင်းစမန်းသည် ဂျာမနီဘောလုံးအသင်းအတွက် ပွဲပေါင်း ၁၀၈ ပွဲ ကစားခဲ့ပြီး စုစုပေါင်း ၄၇ ဂိုးသွင်းယူခဲ့သည့် ဂျာမနီဘောလုံးအသင်း တိုက်စစ်မှူးဟောင်းဖြစ်သည်။ *(အပေါ်ပုံ)* *(အင်တာနက်)*

အလယ်တန်းကျောင်းဖွင့်ပွဲ ညောင်ဦးမြို့နယ်၌ကျင်းပ

ညောင်ဦး ဇူလိုင် ၃၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောင်တောကျေးရွာအုပ်စု တောင်တောကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါအခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ ရှေးဦးစွာ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ ငါ့သရောက်မြို့ အုပ်ချုပ်ရေးမှူး ဦးနိုင်ဦး၊ ညောင်ဦးမြို့နယ်ပညာရေးမှူး ဦးနေဝင်းတို့က ကျောင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးနေဝင်းက အလယ်တန်းကျောင်း ဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် အခြားအလှူရှင်များက အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အရန်သားဖွားသင်တန်း မော်လိုက်ခရိုင်၌ဖွင့်

နေပြည်တော် ဇူလိုင် ၃၁

မော်လိုက်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဒေသခံ အရန်သားဖွားဆရာမသင်တန်း(၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ခေတ္တ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာအေးကိုနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့မှ ဒေါ်ခင်ထွန်းတို့က အမှာစကားပြောကြားကြသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် သင်တန်းသူ ၁၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တိုင်းရင်းဆေးသင်တန်းဖွင့်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော တိုင်းရင်းဆေးပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက်က မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် တိုင်းရင်းဆေးမှူး ဒေါ်သိန်းသိန်းဦး အမှာစကားပြောကြားစဉ်။

(မြို့နယ် မိခင်နှင့်ကလေး)



မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်း သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၁

ပြည်တွင်းပြည်ပရှိ Hotel,Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်လ ဒုတိယအပတ်အတွင်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအဖွဲ့ (MTB) ၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy ၌ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကာလအတွင်း Sandwich၊ Pizza ၊ Burger၊ Hot Dog စသည့် Fast Food ပြုလုပ်နည်းများ၊ Danish ၊ Puff၊ Croissant ပြုလုပ်နည်းများ၊ Soft Bread အမျိုးအစားများဖြစ်သည့် ပေါင်မုန့်မျိုးစုံ၊ French Baguette၊ Onion Bread ၊ Garlic Bread စသည့် Hard Bread ပြုလုပ်နည်းများ၊ Butter Cake၊ Chocolate Cake၊ Muffin စသည့် အလှဆင်ကိတ်နှင့် မွေးနေ့ကိတ်ပြုလုပ်နည်းများ၊ Cookies၊ Doughnut၊ Sweet Dough၊ Eclair စသည်တို့အပြင် အခြားမုန့်အမျိုးပေါင်း ၆၀ ကျော် ပြုလုပ်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများက စနစ်တကျ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality & Tourism Management Academy တိုက် (၂၆၇) အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း- ၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့ထံသို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သာပေါင်းမြို့၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

သာပေါင်း ဇူလိုင် ၃၁

ငါးမျိုးပြန့်ပွားပြီး အထွက်နှုန်းတိုးတက်စေရေးနှင့် ကျေးလက်ဒေသပြည်သူများ ဝင်ငွေတိုးတက်စေရေးအတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၁၀ ရက်က သာပေါင်းမြို့နယ် ဘုရားနီကျေးရွာ သဘာဝရေပြင်ရှိ ရောရွှေဝါကုမ္ပဏီ မဏ္ဍပ်၌ကျင်းပရာ အခမ်းအနားတွင် ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းလွင်၊ မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းနှင့် ဝန်ထမ်းများ၊ ရောရွှေဝါကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးမောင်မောင်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ငါးမြစ်ချင်း ငါးသန်နှင့် ငါးမှုန်ကြီး စုစုပေါင်းကောင်ရေ ရှစ်သိန်းတို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ခရိုင်ဦးစီးဌာနဦးစီးမှူးနှင့် ရောရွှေဝါကုမ္ပဏီမှ တာဝန်ရှိသူများက မူလတန်းကျောင်း ငါးကျောင်းသို့ ငါးသယံဇာတထိန်းသိမ်းရေးပညာပေး ဗလာစာအုပ် အုပ်ရေ ၂၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

အာဟာရမုန့်များ ကျွေးမွေး

မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရင်သွေးကမ္ဘာမူကြို၌ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးအစီအစဉ်အရ ဇူလိုင် ၂၈ ရက်က ကျောင်းသား မောင်သိက္ခာမင်းစံ လေးနှစ်ပြည့် မွေးနေ့အလှူအဖြစ် ကျောင်းသားကျောင်းသူများအား အာဟာရမုန့်များ ကျွေးမွေးစဉ်။ (ခရိုင် ပြန်/ဆက်)



မွေးမြူရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲ တာချီလိတ်ခရိုင်၌ကျင်းပ

တာချီလိတ် ဇူလိုင် ၃၁

တာချီလိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မွေးမြူရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲများကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက်က လွယ်တော်ခမ်းကျေးရွာအုပ်စု ဖက်ဟိကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး မွေးမြူရေးဆိုင်ရာများကို ပညာပေးဆွေးနွေးသည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဒေါက်တာစံထွန်းဝေက ဝက်နားရွက်ပြာရောဂါအကြောင်းနှင့် အခြားတိရစ္ဆာန်မှ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကိုလည်းကောင်း ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဟသ်ာတမြို့ဝင်ဆိုင်းဘုတ်အနီး စတီးလ်လက်ရန်းကာရံခြင်းလုပ်ငန်းကို ဇူလိုင်၂၇ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၃၁

အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ ပုသိမ်မြို့နယ်၌ကျင်းပ

*ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် တွန်ပလွန်ကျေးရွာအုပ်စု ဝါးတောကြီးကျေးရွာ၌ အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမဲလ်ဗင်၊ **World Vision** မှ ဒေါ်ချိုချိုလှိုင်နှင့် ရပ်မိရပ်ဖ ဦးစောအောလာတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။*

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစည် (ဝဲပုံ)က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နုနုရီက စံ(၅)ချက်နှင့် ပတ်သက်သည့်သီကောင်းစရာများကို ရှင်းလင်းဆွေးနွေးကာ အလှူရှင်များက စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

စာကြည့်တိုက်အကျယ်အဝန်းမှာ အလျား ၂၇ ပေ၊ အနံ ၂၄ ပေနှင့် အမြင့် ၁၈ ပေရှိကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာကြည့်တိုက်ဖွင့်ပွဲ နမ္မတူ၌ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ္မတူမြို့နယ် နားဆိုင်းကျေးရွာ သုတ ရတနာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်နန်းအိအိဖြူနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါ စာကြည့်တိုက် အဆောက်အအုံမှာ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

စာအုပ်စာပေ လူ့မိတ်ဆွေ

(၃၆)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ ဗိုလ်ချုပ်စိန်လင်း၊ မေမေ ဒေါ်အေးအေးလွင်တို့၏ ၁-၈-၂၀၁၁ ရက်တွင် ကျရောက်သော နှစ်ပတ်လည်မှသည် ငွေရတု၊ စိန်ရတုတိုင်အောင် ချစ်သော သားသမီး၊ မြေးများနှင့်အတူ ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သားသမီးများ-
ကိုအေးကျော်လင်း-မခိုင်သဇင်
ကိုနန္ဒာလှမြင့်-မသဇင်အေးလင်း
ကိုခန့်မင်းထက်-မပိုးအိဖြူမောင်မောင်

ချစ်မြေးများ-
မောင်မင်းခန့်ဟိန်း(ဂျိဂျိ)
မရွှင်းလဲ့ရည်မွန်(ရွှေပုံ့)
မလင်းဝသန်ဦး(ဂျူးဂျူး)
ခန့်သီရိမောင်(ဂူးဂူး)

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ဦးလှထွန်း-ဒေါ်ရရှီဒါတို့၏သား
ကျွန်တော် **မောင်ကျော်နိုင်ထွန်း(ခ)အာမင်း**
နှင့်
ဦးမျိုးနိုင်-ဒေါ်ခင်စိန်တို့၏သမီး
ကျွန်မ **မချောစုဝင်း(ခ)နူရ်းဘီ**
(မိတ္ထီလာဆေးရုံကြီး)

တို့သည် ၂၁-၆-၂၀၁၁ရက်တွင် မိတ္ထီလာခရိုင်တရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ကျော်နိုင်ထွန်း(ခ)အာမင်း-မချောစုဝင်း(ခ)နူရ်းဘီ



ကျေးဇူး ဆပ်ပါမည်

ကျွန်တော် မောင်ရဲလင်းအောင်၏ ပတ်စ်ပို့စာအုပ်အမှတ် A 069191 သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၉၃၁၇၈၁၉**

အမည်ဖြည့်စွက်

အဖ ဦးမောင်မောင်လွင်၏သား ၁၂/မရက(နိုင်)၁၄၂၄၉၆ မောင်ဆွေဆက်လွင်အား မောင်ခန့်ဇော်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

မောင်ဆွေဆက်လွင်(ခ)မောင်ခန့်ဇော်



အမည်ပြောင်း

အဖ ဦးလှဝင်း၏သား အထက(၁) လသာ နဝမတန်း(ခ)တွင် ပညာသင်ကြားနေသော မောင်ထက်နိုင်ဝင်း(ခ)မောင်အေးချမ်းအား မောင်အေးချမ်းဟု ပြောင်းလဲခေါ်ပါရန်။

အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ (၁၆)လမ်းအရှေ့၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၈၈၃ ဒေါ်အေးမြင့်အမည်ပေါက် မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရုံး-ထူးဥပဒေအကျိုးဆောင်အဖွဲ့
အမှတ် ၃၁၉၊ အင်ကြင်းမြိုင်လမ်း၊
(၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့၊
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၆၇၁၇၂

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ထူးလှိုင်
အထက်တန်းရှေ့နေ
(စဥ်-၂၄၂၉၂)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅၊ မြေကွက်အမှတ် ၁၁၈၄၊ မြေကွက်တည်နေရာအမှတ်၁၁၈၄၊ ကန်သာယာ(၁)လမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံ မြောက်ပိုင်းမြို့နယ် ဦးသိဏ်း CF ၁၀၅၈၈၉အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသိဏ်းကွယ်လွန်သဖြင့် ဒေါ်ငယ် ၁၂/ဗဟန(နိုင်)၀၂၃၉၄၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၉၊ မြေကွက်အမှတ် ၁၉၈၊ မြေကွက်တည်နေရာ အမှတ်၁၉၈၊ အောင်တံခွန် (၅)လမ်း၊ ၂၉ ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ် ဦးစိန်သန်းမြိုင် TGA ၀၄၅၉၇၀ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစိန်သန်းမြိုင် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းဝင်း ၁၂/ဥကတ(နိုင်)၀၁၁၀၅၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ဝန်ထမ်းနေအိမ်၊ ရုံးအဆောက်အအုံဆောက်လုပ်ခြင်း ဌာနပိုင်အဆောက်အအုံများ မွမ်းမံမှုလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းနေအိမ်၊ ရုံးအဆောက်အအုံဆောက်လုပ်ခြင်းနှင့် ဌာနပိုင်အဆောက်အအုံများ မွမ်းမံခြင်းလုပ်ငန်းများကို ဗိသုကာပုံစံနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

က။ ကချင်ပြည်နယ်
 ပူတာအိုငါးလုပ်ငန်းစခန်း
 (၁) ရုံးအဆောက်အအုံ (ပေ၄၀×ပေ၃၀×၁၀ပေ) ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး၊ အိမ်သာပါ(၁)လုံး
 (၂) Hatchery (ပေ၄၀×ပေ၃၀×၁၂ပေ)နှင့် ဓာတ်ခွဲခန်း (ပေ၄၀×ပေ၂၅ ×၁၂ပေ)တည်ဆောက်ခြင်း(၂)လုံး

ခ။ ရခိုင်ပြည်နယ်
 အလယ်သံကျော် ရေငန်ပုစွန်သားဖောက်စခန်း
 - ဝန်ထမ်းနေအိမ် (ပေ၄၀×၂၀ပေ×၈ပေ) သံကူကွန်ကရစ်၊ သွပ်မိုး၊ ရေ၊ မီး၊ အိမ်သာအပါ (၁)လုံး

ဂ။ ရသေ့တောင်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
 - ဝန်ထမ်း(၂)ခန်းတွဲနေအိမ် (ပေ၄၀×၂၄ပေ×၁၀ပေ) သံကူကွန်ကရစ်၊ သွပ်မိုး၊ ရေ၊ မီး၊ အိမ်သာအပါ (၁)လုံး

ဃ။ မန္တလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာန
 - ရုံးအဆောက်အအုံ (ပေ၄၀×ပေ၃၀×၁၂ပေ) သံကူကွန်ကရစ်၊ ရေ၊ မီး၊ အိမ်သာပါ (၁)လုံး

င။ ထားဝယ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
 - ဝန်ထမ်း(၂)ခန်းတွဲနေအိမ် (ပေ၄၀×၂၄ပေ×၁၁ပေ) သံကူကွန်ကရစ်၊ ရေ၊ မီး၊ အိမ်သာပါ(၁)ထပ်၊ (၁)လုံး

စ။ ရန်ကုန်တိုင်းဒေသကြီး
 လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း
 (၁) ရုံးအဆောက်အအုံ (၄၅ပေ×၃၅ပေ×၁၁ပေ) အမိုးနှင့် မျက်နှာကြက် အကြီးစားမွမ်းမံရန်(၁)လုံး
 (၂) ဝန်ထမ်း(၂)ခန်းတွဲနေအိမ် (ပေ၄၀×၂၄ပေ×၁၁ပေ) သံကူကွန်ကရစ်၊ သွပ်မိုး၊ ရေ၊ မီး၊ အိမ်သာပါ (၁)လုံး

ဆ။ သာကေတမြို့နယ်၊ အဏုစိတ်သရုပ်ခွဲခြင်းဆိုင်ရာဓာတ်ခွဲခန်းများဌာနစု
 - 11/ 0.4 KV 200 KVA Transformer တပ်ဆင်ခြင်းလုပ်ငန်း (Switch Gear) (မူလရှိပြီး 50 KVA ကို 200 KVA ဖြင့် အစားထိုး)

၂။ တင်ဒါပေးသွင်းမှုကို ၈-၈-၂၀၁၁ရက် ၁၅:၀၀နာရီပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

ဆောက်လုပ်ရေးလုပ်ငန်းများကြီးကြပ်မှုကော်မတီ
ငါးလုပ်ငန်းဦးစီးဌာန
ဘုရင့်နောင်လမ်းမကြီးနှင့် ဘုရင့်နောင်ရိပ်သာလမ်းထောင့်
အနောက်ကြို့ကုန်း
ဆက်သွယ်ရန်ဖုန်းနံပါတ်- ၆၄၇၇၂၁

မိသားစုဝင်အဖြစ် မသက်ဆိုင်ပါကြောင်း

ဒေါ်လွင်လွင်ဟန် ၁၂/မရက(နိုင်) ၀၅၀၆၈၈သည် မိဘများရှိစဉ်မှစ၍ ယခုချိန်ထိ မိဘ၊ မောင်နှမများကို သိက္ခာကျဆင်းစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ၎င်းနှင့်သမီးဖြစ်သူ မမေသက်ခိုင်တို့သည် ၂၆-၇-၂၀၁၁ ရက်မှစ၍ မိသားစုဝင်အဖြစ်မှ လုံးဝ (လုံးဝ) အသိအမှတ်မပြုတော့ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းဟန် ၁၂/မရက(နိုင်)၀၃၉၉၉၃
ဦးအောင်သူဟန် ၁၂/မရက(နိုင်)၀၅၁၈၅၃
ဒေါ်နီလာဟန် ၁၂/မရက(နိုင်)၀၀၀၇၃၃
ဒေါ်နန်းမြထွေး ၁၂/မရက(နိုင်)၁၀၅၂၆၂
ဒေါ်နန်းမြအေး ၁၂/မရက(နိုင်)၁၀၅၂၆၃ မိသားစု

နိုင်ငံသားစိစစ်ရေးကတ်များ သာပေါင်းမြို့နယ်၌ နေ့ချင်းပြီးဆောင်ရွက်

သာပေါင်း ဇူလိုင် ၃၁

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်းအောင်မြင့်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၈ ရက်က အမှတ် ၃ ရပ်ကွက်ရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ အသက် (၁၀)နှစ်နှင့် (၁၈)နှစ်ပြည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
၂-၈-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (ဗောဇ္ဈင်္ဂသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀ ဓမ္မပူဇာ တေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ဘဝအသွင် ကဗျာ့အမြင် (မိုးစက်သစ္စာ)
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာသူ့လက်ရာ (ထမင်းသုပ်နှင့် ပဲပုပ်ကြော်) တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line (ရှင်မင်း)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂း၄၀ ပြိုးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (အလယ်တန်း-ရသပညာ) တေးပဒေသာ
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မေတို့တွက်တာ အလှကမ္ဘာ (အသားရေနေ့စဉ် လှပချောမွတ်စေရန် ပြုပြင်ထိန်းသိမ်းနည်း)
၁၇း၁၅ ပြောပါရစေရှင် (စည်းကမ်းရှိမှ တိုးတက်မည်)
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၄၅ စူးစမ်းရှာဖွေ ကမ္ဘာမြေ(၁၈)
၁၈း၀၀ ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈း၁၀ လယ်ယာစီးပွား (ကြက်သွန်နီစိုက်ပျိုး ဝင်ငွေတိုး)
၁၈း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
 ၁။ သံဝေဇနိယလေးဌာန မှတ်တမ်းနှင့်အလွမ်း- ဘဒ္ဒန္တဝေဠုရိယ
 ၂။ မြတ်နိုးဖွယ်ရာ ပြည်မြန်မာ-ဒေါက်တာ ဦးဖေညာဏ် တေးပဒေသာ
၁၈း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉း၁၀ ဇာတ်လမ်းပမာနားဆင်စရာ (ဆန္ဒများနှင့်အညီ)
၁၉း၃၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ
၂၀း၀၀ ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀း၂၀ တေးစီးရီး (သံစဉ်များနှင့်ကမ္ဘာ- ၂၀၀၉ Vol-1) တေးပဒေသာ
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၀ ညချမ်းချိန်ခါ တေးပဒေသာ

ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အလေးချိန်ခွင် မှန်ကန်မှု ရှိ မရှိကို ဇွန် ၂၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်၊ အမှုဆောင်အရာရှိ ဦးဆန်းထွန်းမင်း၊ စည်ပင်ကြီးကြပ်မှုကော်မတီနှင့် ဈေးကော်မတီအဖွဲ့ဝင်များ ပူးပေါင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ဥတုရာသီ တောကို မှီ၏။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၏ သန်လျင်ရေလုံသင်္ဘောကျင်းနှင့် လှော်ာလမ်းသင်္ဘောကျင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ဌာနတွင်းပြင်ဆင်နိုင်သော ယာဉ်၊ ယန္တရားများကို မိမိတို့ကိုယ်တိုင်ပြင်ဆင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) သန်လျင်ရေနံချက်စက်ရုံနယ်မြေရှိ ချောဆီရောစပ်စက်ရုံ (Lube Blending Plant) သို့ရောက်ရှိပြီး စက်ရုံ၏ စွမ်းအားပြည့် အသုံးချထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၏ သန်လျင်ရေလုံသင်္ဘောကျင်းနှင့် လှော်ာလမ်းသင်္ဘောကျင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးတို့က သင်္ဘောကျင်းလွန်းတင်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ နှစ်စဉ် သင်္ဘောနှင့် တွဲများ ပြင်ဆင်နိုင်ခဲ့မှုနှင့် မြစ်ကြောင်းများ၏ နုန်းပို့ချခဲ့မှုများကြောင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်လိုသော လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဌာနများအတွက် ထည့်သွင်းတည်ဆောက်ထားပေးပြီးဖြစ်သော ပစ္စည်းများ၊ အဆောက်အအုံများကို အစဉ်အသုံးပြု၍ရသော အခြေအနေမျိုးဖြစ်အောင် စီမံဆောင်ရွက်ထားရန်နှင့် ဌာနတွင်း ပြင်ဆင်တည်ဆောက်နိုင်သော ယာဉ်၊ ယန္တရားများကို မိမိတို့ကိုယ်တိုင်ပြင်ဆင်ခြင်း၊ တီထွင်ဖန်တီးအသုံးပြုခြင်းဖြင့် နိုင်ငံ့ဘဏ္ဍာငွေကုန်ကျမှုကို သက်သာလျော့နည်းအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြောင်းလဲနေပြီဖြစ်သော အုပ်ချုပ်ရေးယန္တရားနှင့် လိုက်လျောညီထွေရှိအောင် နေထိုင်ပြုမူရင်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိုင်းပြည်က ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ထကြွနိုးကြားစွာ ကျေပွန်အောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၃၁-၇-၂၀၁၁

ရေးမြို့	၁၂ ဒသမ ၆၀ လက်မ
လောင်းလုံမြို့	၅ ဒသမ ၈၇ လက်မ
ထားဝယ်မြို့	၅ ဒသမ ၁၁ လက်မ
ကျိုက်မရောမြို့	၄ ဒသမ ၇၂ လက်မ
မုဒုံမြို့	၃ ဒသမ ၉၀ လက်မ
ကျိုက္ခမီမြို့	၃ ဒသမ ၁၃ လက်မ
ဘားအံမြို့	၂ ဒသမ ၈၄ လက်မ

ဝေန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၃၁

ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ ၁၁၆၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၁ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**